ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (1-6-2008) (၅၆၉၆)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ဇဋိလအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယ်သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက နှစ်ပါး၊ ဝိနည်းနောက်ပိုင်းသုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒ လေးပါး၊ ဝိနည်းနောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ ၂၅ ပါး၊ ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါးနှင့် ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၄၄ ပါး စုစုပေါင်း ၈၇ ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲသြဝါဒါစရိယဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ အတည်ပြုချက်အရ ဆက်လက်ဖောက်လုပ်သွားမည့် ကားလမ်းများ

နိုင်ငံတော်အကြီးအကဲ၏ အတည်ပြုချက်အရ ဆက်လက် ဖောက်လုပ်သွားမည့် ကားလမ်းများမှာ မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း(၄၃ မိုင်၇ ဖာလုံ)၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း - သစ်ပုတ် - ကွင်းပေါက် - ပြင်စလူလမ်း (၅၂ မိုင်)၊ လပွတ္တာ - သဃ်န်းကြီး - ပြင်စလူလမ်း (၃၅ ဒသမ ၂ မိုင်)၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း(၃၉ မိုင်)၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း(၃၇ မိုင်)တို့ဖြစ်။

ကျော်ရဲမင်း၏ **"သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ(၃)"**

(ဆောင်းပါး) စာမျက်နှာ-၇၊၉၊၁၀

ကြေးမုံ
The Mirror
၁-၆-၂၀၀၈
(တနင်္ဂနွေနေ့)

ရေလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး အရင်းအနှီး၊ ကျွမ်းကျင်မှုများ ပံ့ပိုးကူညီ

မြန်မာနိုင်ငံတွင် ရေချို ရေငန် ငါး၊ ပုစွန်များ မွေးမြူထုတ်လုပ်ရန် အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိရာ မြစ်ချောင်းများနှင့် ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းကွက်တို့၌ ငါး၊ ပုစွန်များ ဖမ်းယူ ထုတ်လုပ်လျက်ရှိသည်။ ပြည်တွင်း ငါးစားသုံးမှု ဖူလုံစေရေးနှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းနေခြင်း ဖြစ်သည်။

မေလဆန်းပိုင်းက ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ဒေသအချို့တို့တွင် ပြည်သူများ၏ အသက်အိုးအိမ် အဆောက်အအုံများစွာ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည်။ ရေလုပ်ငန်းကဏ္ဍတစ်ခုလုံး၏ ၅၅ ရာခိုင်နှုန်းကျော်မှာလည်း ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ တွံတေး၊ ခရမ်း၊ ကျောက်တန်းမြို့နယ်တို့ရှိ ငါးမွေးမြူရေးကန်၊ ပုစွန်မွေးမြူရေးကန် အများအပြားနှင့် ဒေးဒရဲမြို့နယ် လက်ခုပ်ကုန်းရှိ ပုစွန်ကန်များလည်း ပျက်စီးခဲ့သည်။

မုန်တိုင်းဒဏ်ကြောင့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ အင်းလုပ်ငန်း၊ မြစ်ချောင်းများအတွင်း ငါးဖမ်းလုပ်ငန်းများအပါအဝင် တန်ဖိုးကျပ်သန်းရာပေါင်းများစွာ ပျက်စီးဆုံးရှုံးသွားသည့်အပြင် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ အများအပြားလည်း သေကျေပျောက်ဆုံးခဲ့သည်။

ယခုအခါ လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ မိမိတို့ဒေသ၌ ပြန်လည်နေထိုင်လျက်ရှိသော ပြည်သူများအတွက် နေအိမ်၊ စားနပ်ရိက္ခာ ဖြည့်ဆည်းပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက် ပေးလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော် စီးပွားရေးနှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားတိုးတက်မြင့်မားရေးတို့တွင် အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆားလုပ်ငန်းတို့နှင့်အတူ ရေလုပ်ငန်းများ ပြန်လည်ထူထောင် လုပ်ကိုင်နိုင်ရေး ကြိုးပမ်းနေကြပြီဖြစ်သည်။

ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားများ အစားထိုးရရှိရေးသည် အဓိကအရေးပါသည် ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ငွေကြေး၊ ပစ္စည်း၊ အတတ်ပညာ ပံ့ပိုးမှုများနှင့်အတူ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့အစည်းများ၊ ရေလုပ်ငန်းပညာရှင်များ၊ ကုမ္ပဏီများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုဖြင့် ရေလုပ်ငန်းများ လျင်မြန်စွာ လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။ ။

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်၍ လေဘေးဒဏ်ခံရသူများအား လှူဒါန်းပွဲတွင် ဘဒ္ဒန္တနေမိန္ဒ (တိုက်အုပ်)က ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်ချမ်းသာရပ် သာသနာ့ရောင်ခြည်ကျောင်းတိုက် ပြန်လည်တည်ဆောက်ရန်အတွက် လှူဒါန်းငွေကျပ် ၆၅၀၀၀၀ကို ဆရာတော် ဦးပညာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ သက်န်းဒွိစုံအစုံ ၅၀၀ လှူဒါန်း

ရန်ကုန် မေ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဒေါ်စုစုလှိုင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ မေ ၂၈ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အသင်းရုံး၌ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

မြို့နယ်အတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီး ကျောင်းများအတွက် သက်န်းဒွိစုံ အစုံ ၅၀၀ အား လှူဒါန်းပြီး **(ယာပုံ)** သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ လေဘေးသင့်အိမ်ထောင်စုများအတွက် တန်ဖိုးငွေကျပ် ၁၁၈ သိန်းရှိ ဆန်၊ အဝတ်အထည်မျိုးစုံ၊ စားသောက်ဖွယ်မျိုးစုံ အိတ် ၁၂၀၊ ဖိနပ်၊ အကျီ၊ လုံချည်၊ ဆေးဝါးများအား မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် မေ ၃၁

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ မေ ၃၀ ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ မုန်တိုင်းဒဏ်သင့် ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဦးချစ်စိန်နှင့် ဒေါ်ကျင်မြိုင်မိသားစု လှိုင်မြို့နယ်က ငွေကျပ် တစ်သိန်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များက ငွေကျပ် ၇၈၀၀၀၀၊ ဦးတင်စိန်နှင့် ဒေါ်လှမြင့်၊ မောင်နှမတစ်စု မင်္ဂလာဒုံမြို့နယ်က သားလေး မင်းသူရကျော် မွေးနေ့အတွက် ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၂၁၁၅၀၀၀၊ ဦးသိန်းဇံမိသားစု တောင်ဥက္ကလာပမြို့နယ်က ငွေကျပ် ၂၅၀၀၀၊ All States International Co., Ltd. က ငွေကျပ် ၁၀ သိန်း၊ ဦးတင်မောင်အေးနှင့်ဒေါ်ခင်မြမူ၊ ကျောက်တံတားမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၂၀၀၇-၂၀၀၈ခုနှစ် ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသူများက ငွေကျပ်၂၀၈၀၀၀၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စစ်တွေမှတစ်ဆင့် ကုမ္ပဏီလုပ်ငန်းရှင် ရှစ်ဦးတို့က ငွေကျပ် ငါးသိန်း၊ ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း)နှင့်မိသားစု ငွေကြာရုံရိပ်သာက ငွေကျပ် ၁၁၀၀၀၀၊ ဦးလှရွှေနှင့် ဒေါ်သောင်းဟန်မိသားစု၊ လှိုင်မြို့နယ်က ငွေကျပ် ငါးသောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ငွေကျပ် သိန်း၂၀၀၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၀၀၊ ရပ်ကွက်(၈) ပဒေသာမြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြင်ဦးလွင်က ငွေကျပ် ၁၁၁၀၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီ ၆၃ ခုက ငွေကျပ် ၂၅၁၁ သိန်း၊ Mr. Inaki R. de Azua, Arteche Group က ငွေကျပ် ၈၈၀၄၀၀၀၊ ဇနီး ဒေါ်ထွေးထွေးကြည်၊ သားကြီး ဗိုလ်ကြီးရဲနိုင်ရှိန်တို့အား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်(ငြိမ်း) ရွှေပြည်သာမြို့နယ်က ငွေကျပ် ၁၅၀၀၀၀၊ Mr. & Mrs. Tan Ti Hor and Family, Tian Seng Hang Trading Co Sdn Bhd က အက်(ဖ်)အီးစီ ၅၀၀၀၊ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံး၌ လက်ခံရရှိသော လှူဒါန်းငွေ စင်ကာပူဒေါ်လာ တစ်သိန်း၊ Italian-Thai Development Public Co Ltd; Thailand က အမေရိကန်ဒေါ်လာ ၉၉၅၀၀၊ Mitsubishi Corporation (Yangon Branch)က အက်(ဖ်)အီးစီ တစ်သောင်း၊ Olam International Ltd, Thailand က အမေရိကန်ဒေါ်လာ ၂၈၈၅ ဒသမ ၅၀၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီက အမေရိကန်ဒေါ်လာ နှစ်သိန်းတို့ ဖြစ်သည်။

မေ ၃၀ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၅၂၅၃၀၀၀၊ အမေရိကန်ဒေါ်လာ ၃၀၂၃၈၅ ဒသမ ၅၀၊ အက်(ဖ်) အီးစီ ၁၅၀၀၀ နှင့် စင်ကာပူဒေါ်လာ ၁၀၀၀၀၂ ဒသမ ၈၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီ ၆၃ ခုက ငွေကျပ် ၂၅၁၁ သိန်း ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ဝိနည်းပိဋကကို မတတ်သိ မကျွမ်းကျင်လျှင် ရှောင်ရမည့်အရာ ကျင့်ရမည့်အရာတို့ကို မသိနိုင် ဝိနည်းပိဋကကို တတ်သိကျွမ်းကျင်မှသာ ရှောင်ရမည့်အရာ၊ ကျင့်ရမည့်အရာတို့ကို ခွဲခြားသိမြင်နိုင်

ရန်ကုန် မေ ၃၁

အကြိမ် (၆၀) မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲမဟာမင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မိန့်ကြားအပ်သော သမ္မောဒနီယ သရဏီယ ဩဝါဒကထာ အပြည့်အစုံမှာအောက်ပါ အတိုင်းဖြစ်သည်-

အကြိမ် (၆၀) မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် ဒီဃနိကာယ ကောဝိဒသုံးပါး၊ ဝိနယ ကောဝိဒလေးပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃဘာဏက နှစ်ပါး၊ ဝိနယဓရ ၂၅ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၄ ပါး အားဖြင့် အောင်ပွင့် အောင်ပန်းအခန်းခန်းကို လန်းလန်း ရွှင်ရွှင်ပန်ဆင်ကြသည့် သာသနာ့အာဇာနည် အရှင်မြတ် ၈၇ ပါး၊ နိုင်ငံတော်အစိုးရ အမှူးပြုသည့် ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ရာ သမ္မောဒနီယ သာရဏီယ ဩဝါဒစကား မိန့်ကြားလိုသည်မှာ-

အရှင်တို့သည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တော်ကို ပါဠိ၊ အဋ္ဌကထာဋီကာနှင့်တကွ လေ့လာသင်ယူကြပြီး ဖြစ်ပါသည်။

အရှင်ဘုရားတို့ လေ့လာသင်ယူအပ်ပြီးသော ထိုပိဋကတ်တော်များဝယ်----

“ပရိယတ္တိဘေဒံ သမ္ပတ္တိ၊ ဝိပတ္တိဥ္စာပိ ယံ ယဟိ၊

ပါပုဏာတိ ယထာ ဘိက္ခု၊ တမ္ပိ သဗ္ဗံ ဝိဘာဝယေ”

ဟူ၍ သမန္တပါသာဒိက အဋ္ဌကထာ စာမျက်နှာ (၁၉)၌ ဖော်ပြအပ်သော ပရိယတ္တိ အပြားသုံးပါးတို့တွင် ပုထုဇဉ် သေက္ခတို့နှင့် သက်ဆိုင်သော အလဂဒ္ဒူပမာ ပရိယတ္တိကို ရှောင်ရှား၍ နိဿရဏတ္ထပရိယတ္တိဖြစ်အောင် အရှင်တို့ လေ့လာသင်ယူတော်မူခဲ့ကြမည်ဟု ယုံကြည်ပြီးဖြစ်ပါသည်။ ဤသို့ အလဂဒ္ဒူပမာ ပရိယတ္တိကို ရှောင်ရှား၍ နိဿရဏတ္ထ ပရိယတ္တိဖြစ်အောင် လေ့လာသင်ယူတော်မူကြမှသာ ဝိပတ္တိလွတ်မြောက်+သမ္ပတ္တိ ဆိုက်ရောက်မည်ဖြစ်ပါသည် ဘုရား။

တိပိဋကဓရ စာတော်ပြန်ပွဲ ဆင်နွှဲအောင်မြင် အာဇာနည် အရှင်တို့ဘုရား ----

သမန္တပါသာဒိကာမည်သောဝိနည်းအဋ္ဌကထာစာမျက်နှာ (၂၀)၌-

“ဝိနယေ ပန သုပ္ပဋိပန္နောဘိက္ခု သီလသမ္ပတ္တိံနိဿာယ တိဿော ဝိဇ္ဇာ ပါပုဏာတိ=

ဝိနည်းပိဋက၌ ကောင်းစွာ ကျင့်သောရဟန်းသည် သီလပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်၏” ဟု မိန့်ဆိုတော်မူပါသည်။ (ဝိနည်းပိဋကကို နိဿရဏတ္ထ ပရိယတ္တိဖြစ်အောင် ကောင်းစွာသင်ယူ၍ ဝိနည်းပိဋက မှာလာသည့်အတိုင်း သီလကို ဖြည့်ကျင့်သော ရဟန်းကို ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းဟု ဆိုပါသည်)

အရှင်တို့ဘုရား---ဝိနည်းပိဋကကို မတတ်သိ+ မကျွမ်းကျင်လျှင် ရှောင်ရမည့်အရာ+ကျင့်ရမည့်အရာ တို့ကို မသိနိုင်ပါ။ ဝိနည်းပိဋကကို တတ်သိကျွမ်းကျင်မှသာ ရှောင်ရမည့်အရာ+ကျင့်ရမည့် အရာတို့ကို ခွဲခြားသိမြင်နိုင်ပါသည်။ ရှောင်ရမည့်အရာ+ကျင့် ရမည့်အရာ တို့ကို ခွဲခြားသိမြင်မှသာလျှင် ရှောင်သင့်သည်ကို ရှောင်+ ကျင့်သင့်သည်ကိုကျင့်၍ သီလပြည့်စုံနိုင်ပါသည်။ ဤ သီလပြည့်စုံခြင်း (သီလသမ္ပဒါ) က ဝိဇ္ဇာ သုံးပါးအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် “ဝိနည်း ပိဋက၌ ကောင်းစွာ ကျင့်သောရဟန်းသည် သီလပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်၏”ဟု မိန့်ဆိုတော်မူပါသည်။

ထပ်၍ ရှင်းပြပါဦးမည်၊ ဝိနည်းပိဋက ဝေရဉ္ဇကဏ္ဍ၌ ပု+ဒိ+အာ ဟူသော ဝိဇ္ဇာသုံးပါးတို့ကို အကျယ် ဟောတော်မူထားပါသည်။ ဝိနည်း ပိဋကကို လေ့လာ သင်ယူစဉ် ထိုဝိဇ္ဇာသုံးပါးတို့ကို သိရသဖြင့် ဝိဇ္ဇာသုံးပါး တို့ကို ရလိုသော အဇ္ဈာသယဆန္ဒပြင်းပြလျက်ရှိပါသည်။ ထို့ကြောင့် သီလပြည့်စုံမှု(သီလသမ္ပဒါ)ကို အခြေခံ၍ ဝိပဿနာတရား အားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဇ္ဈာသယ အားလျော်စွာ ဝိဇ္ဇာသုံးပါး တို့ ပြည့်စုံလာရပါသည်။

အရှင်တို့ဘုရား----------

“သုတ္တေ သုပ္ပဋိပန္နော သမာဓိသမ္ပဒံ နိဿာယ ဆ အဘိညာ ပါပုဏာတိ=

သုတ္တန်ပိဋက၌ ကောင်းစွာ ကျင့်သောရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ်ခြောက်ပါးတို့သို့ ရောက်နိုင်၏” ဟူ၍လည်းကောင်း၊

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ သမ္မောဒနီယသရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

“အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ=

အဘိဓမ္မာပိဋက၌ ကောင်းစွာကျင့်သောရဟန်းသည် ပညာ၏ ပြည့်စုံခြင်းကိုမှီ၍ ပဋိသမ္ဘိဒါလေးပါးတို့သို့ ရောက်နိုင်၏” ဟူ၍ လည်းကောင်း၊ ယင်းအဋ္ဌကထာ စာမျက်နှာ (၂၀) ၌ မိန့်ဆိုတော်မူပါသည်။

သုတ္တန်ပိဋကကို ကောင်းစွာသင်ယူသူသည် ထိုသုတ္တန် ပိဋကဝယ် အကျယ်ဟောတော်မူအပ်သော ဈာန်အဘိဉာဉ်တို့ကို သင်ယူလေ့လာစဉ် ထိုဈာဉ်အဘိညာဉ်တို့ကို ရလိုသော အဇ္ဈာသယ ဆန္ဒပြင်းပြလျက် ရှိတတ်ပါသည်။ ထို့ကြောင့် ဈာန်သမာဓိကို ကြိုးစားအားထုတ်၍ ဥပစာရ သမာဓိလောက်ရောက်လျှင်ပင် ဝိပဿနာသို့ တက်၍ အရဟတ္တမဂ်ကိုရသည့်အခါ အထုံပါလာသော သမာဓိ ကြောင့် အဘိညာဉ်ခြောက်ပါးတို့လည်း ပြီးစီးရပါသည်။

အဘိဓမ္မာပိဋကကို ကောင်းစွာသင်ယူသူသည် နာမ်ရုပ်နှစ်ပါးကို ခွဲခြားနိုင်သော ပညာနှင့် ပြည့်စုံနိုင်ပါသည်။ ထိုပညာကို အခြေခံ၍ အရဟတ္တမဂ်ကို ရသောအခါ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း တစ်ပါတည်း ရနိုင်ပါသည်။

ထပ်၍ ရှင်းပြပါဦးမည်။ အဘိဓမ္မာပိဋက၊ ပဋိသမ္ဘိဒါဝိဘင်း၀ယ် ပဋိသမ္ဘိဒါတို့ကို အကျယ်ဟောတော်မူထားပါသည်။ ထိုပဋိသမ္ဘိဒါတို့ကို လေ့လာသင်ယူစဉ် ပဋိသမ္ဘိဒါဉာဏ်ကို ရလိုသော ဆန္ဒပြင်းပြလျက် ရှိနေတတ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာပိဋကကို လေ့လာသင်ယူ၍ ရရှိသောပညာ၏ ပြည့်စုံခြင်း (ပညာသမ္ပဒါ) ကို ဥပနိဿယ ပစ္စည်းပြု၍ ဝိပဿနာ တရား အားထုတ်သော အခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဇ္ဈာသယ အားလျော်စွာ ပဋိသမ္ဘိဒါ လေးပါးတို့လည်း ပြီးစီးရပါသည်။

သို့ဖြစ်၍ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ မူလအာဘိဓမ္မိက၊ ဥဘတော ဝိဘင်္ဂ ဓရ၊ ဥဘတောဝိဘင်္ဂကောဝိဒ စသည်တန်တန် ဘွဲ့တံဆိပ်တော် အလှူခံကြမည့် သာသနာ့ အာဇာနည် အရှင်တို့သည်လည်း ဝိနည်း သုတ္တန် အဘိဓမ္မာ သုံးဖြာသော ပိဋကတော်များကို အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာနှင့်တကွ ကျနသေချာ လေ့လာသင်ယူကြ ခြင်းဖြင့် လျှို့ဝှက်ခဲကပ် ဒုန္နယတ်ကို ပြတ်ပြတ်သားသား ပိုင်းခြားသိမြင်တော်မူကြ၍ နိဿရဏတ္ထ စာသင်နည်း ကို လက်ကိုင်ထားရှိသူများပီပီ “သီလကို ဟောသော အရာ၊ သမာဓိကို ဟောသောအရာ၊ ပညာကို ဟော သောအရာတို့၌ ထိုကျမ်းဂန်လာ သိက္ခာသုံးတန် အကျင့်မှန်တို့ ငါ့သန္တာန်ဝယ် ဧကန်ဖြစ်ပွားအောင် ကြိုးစားအားထုတ်မည်” ဟူသော ယောနိသော မနသိကာရ လက်ကိုင်ထားတော်မူကြ၍ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြသဖြင့် ဝိဇ္ဇာသုံးအင် + အဘိညာဉ် ခြောက်ဖြာ + ပဋိသမ္ဘိဒါ လေး၀ လောက်ကေုံလုံ ပြည့်စုံကြသည့် တေဝိဇ္ဇက+ ဆဠဘိည+ ပဋိသမ္ဘိဒါပတ္တ ဂုဏ်ထူးရသည့် ပဋိဝေဓဉာဏ်ရှင် သူတော်စင်များဖြစ်ကြ၍ အသခ်တစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေ။ ဤတိပိဋကဓရ ပူဇော်ပွဲကြီး၌ သာသနာ့အာဇာနည် စာအောင် အရှင်မြတ်တို့အား အာမိသဓမ္မနှစ်ဝသော ပူဇော်ခြင်းတို့ဖြင့် ဝပ်စင်း ကော်ရော်ပူဇော်ကြသည့် နိုင်ငံတော်အစိုးရ အမှူးရှိသော ဥပါသကာ ဥပါသိကာမ အပေါင်းတို့လည်း ယခုကဲ့သို့ လှူဒါန်းပူဇော်ကြရသည့် အာမိသပူဇာ ဓမ္မပူဇာမဟာကုသိုလ်ထူးကြောင့် ဒုက္ခခပ်သိမ်း အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ ဝင်စံနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလျက် ဘုန်းကြီး၏ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသတည်း။

ခရမ်းမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၃၁

ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရမ်းမြို့နယ် အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်း များကို မေ ၃၀ရက်နံနက်ပိုင်းတွင် ခရမ်းမြို့နယ် ဘုရားလမ်းရှိ ပြည်သူ့ ဆေးရုံ၌ ဆောင်ရွက်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဦးဆောင်၍ ကျန်းမာရေးအဖွဲ့ခွဲမှ ဆရာဝန်ကြီး များ၊ ကလေးအထူးကု ဆရာဝန်များ၊ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံမှဆရာဝန် များ၊သူနာပြုဆရာမများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝင်များ ပါဝင် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အထူးကုအဖွဲ့သည် ခရမ်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာ ၅၉၄ ဦး၊ ကလေးလူနာ ၈၇ ဦး၊ အထွေထွေလူနာ ၅၀၀ စုစုပေါင်း ၁၁၈၁ ဦး တို့ကို အခမဲ့ကြည့်ရှု စစ်ဆေးပေးခဲ့ပြီးလိုအပ်သည့်ဆေးဝါး ပစ္စည်းများ၊ မျက်မှန်များကို အခမဲ့ လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဆန်း နွယ် ဦးဆောင်သော ရန်ကုန်မြို့ ကန်တော်ကြီး ပုလဲကျန်းမာရေး မိသားစုနှင့် အထူးကုဆရာဝန်များ အဖွဲ့တို့က ခရမ်းမြို့နယ် ပြည်သူ့ ဆေးရုံဝင်းအတွင်းနှင့် ရွှေပြည်အေး (၁၀) ရပ်ကွက်တို့၌ လေဘေးသင့် ပြည်သူများအား ထမင်း၊ ဟင်းနှင့် ရေသန့်ဘူးများကို လှူဒါန်းခဲ့ကြသည်။

အဆိုပါအခမဲ့ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများအတွက် လိုအပ် သောဆေးဝါးပစ္စည်းများကိုစေတနာရှင် တစ်ဦးကထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန၊မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့်မြန်မာ့နိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများက ပြည်သူများအားအခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။ (မြို့တော်သတင်း)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ရိုးရာကျေးလက်ကစားနည်း
၇း၅၀	၅။	အကပြိုင်ပွဲ
၈း၀၀	၆။	Multitude of Market Forms.
၈း၃၀	၇။	International News.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၃၅	၄။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂း၀၀	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **“မတော်တဆ. . . လေး” (အပိုင်း-၂) (မင်းမော်ကွန်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-မိုးအောင်)**
၁း၃၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၁း၄၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၂း၀၀	၈။	အတီးပြိုင်ပွဲ
၂း၁၅	၉။	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၂း၃၀	၁၀။	တေးဂီတအစီအစဉ်
၂း၄၅	၁၁။	International News.
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	မြန်မာစာမြန်မာစကား
၄း၃၀	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅	၄။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅း၀၀	၅။	ဆိုကြမယ်ပျော်ကြမယ်
၆း၀၀	၆။	ညနေခင်းသတင်း
၆း၃၀	၇။	မိုးလေဝသအခြေအနေ
၆း၃၅	၈။	တေးဂီတအစီအစဉ်
၇း၀၀	၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေမင်းသားလေးချစ်ပုံပြင်” (အပိုင်း-၁)**
၈း၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **“မာယာထောင်ချောက်” (အပိုင်း-၂၆)**
	၁၄။	အစီအစဉ်ပြီး၏။

❀ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့အကဲများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ စာအောင်သံဃာတော် အရှင်သူမြတ်များ၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ နံနက် ၇ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကရေ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်များနှင့် စာအောင် သာသနာ့အာဇာနည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များ အကြိမ်(၆၀)မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးများအား မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်ပေါ်သို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်ကြရာ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်သူက အောင်သပြေစိုက် ပန်းဖလားကို ပိုက်၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက ပန်းကလပ်ကို ကိုင်ဆောင်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကွမ်းတောင်ကို ကိုင်ဆောင်၍ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က နိုင်ငံတော် သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်ကြသည်။

ဆက်လက်၍လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က တိပိဋကရေ ဩဝါဒါစရိယဆရာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဆောင်သည်။

ယင်းနောက် ဦးစီးအရာရှိ ဦးမျိုးသူရက တိပိဋကရေ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်များအား ပင့်ဆောင်သည်။

ဆက်လက်၍ စာပေလက်ထောက် (၁) ဦးအေးထွန်းက စာအောင်သံဃာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ မူလအာဘိဓမ္မိကအောင် သာသနာ့အာဇာနည် နှစ်ပါး၊ ဒီဃနိကာယကောဝိဒအောင် သာသနာ့အာဇာနည် သုံးပါး၊ဒီဃဘာဏကအောင် သာသနာ့အာဇာနည် နှစ်ပါး၊ ဝိနယကောဝိဒအောင် သာသနာ့အာဇာနည် လေးပါး၊ ဝိနယဓရအောင် သာသနာ့အာဇာနည် ၂၅ပါး၊ ဥဘတော ဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည် ခုနစ်ပါး၊ ဥဘတော ဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည် ၄၄ ပါး စုစုပေါင်း သာသနာ့အာဇာနည် အရှင်သူမြတ် ၈၇ ပါးတို့အား ပင့်ဆောင်လာကြရာ ဌာနမှူး ဦးထွန်းညွန့်က ပန်းမိုးရွာလျက် လိုက်ပါလာသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူစဉ်။ (သတင်းစဉ်)

ယင်းသို့ ပင့်ဆောင်ချိန်တွင် နိုင်ငံတော်မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မပူဇာတေးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် အခမ်းအနားသို့ တက်ရောက်လာကြသော ပရိသတ်တို့ကလည်း ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ရိုသေညွှတ်တွား လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်ကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် အကြိမ်(၆၀)မြောက် တိပိဋကရေ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြား ကြေညာထားသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံတော် ရွှေတံဆိပ်ဆုရှင် တေးသံရှင် စန်းနီလာဝင်းက(စောင်း) ဦးသက်ဝေနှင့် တွဲဖက်၍ ရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီးနောက် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးတို့ကို တစ်ပြိုင်တည်း ကိုးကြိမ် ထိုးခတ်ပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သမ္ဗောဓနိယသာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို

စာမျက်နှာ ၅ ကော်လံ ၁ သို့❖

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ချစ်ခြင်းရဲ့ကဗျာ
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် (အပိုင်း-၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အဖြူရောင် မြွေမင်းသမီးလေး (အပိုင်း-၁၆)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒီဃနိကာယ်သုံးကျမ်းရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်မှ အရှင်ဣန္ဒောဘာသာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင် ဒီဃဘာဏကဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်မှ အရှင်အာစိဏ္ဏအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများလောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို လောင်းလှူစဉ်။

(သတင်းစဉ်)

❖ စာမျက်နှာ ၄ မှ

လျှောက်ထားရာတွင် အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံ၍ မွန်မြတ်သန့်စင်မြဲမြံသော သီလ၊ ခိုင်ကျည်တည်တံ့သောသမာဓိ၊ ဝေဖန်စိစစ် အနှစ်ရှာနိုင်သော ပညာဟူသည့် သိက္ခာသုံးရပ်တို့ဖြင့် ထွန်းတောက်ပဝင်း ကောင်းခြင်းအဖြာဖြာတို့နှင့် ပြည့်စုံသည့် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး အရှည်ခံ့လျက် တည်တံ့တော်မူနိုင်ရေးမှာ အထူးပင်ရေးကြီးလှပါကြောင်း။

ဘုရားရှင်၏ ဒေသနာတော်များအနက် သဒ္ဓမ္မပ္ပဋိရူပက သုတ်တော်တွင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့က ဘုရား၌မရိုသေခြင်း၊ တရားတော်၌ မရိုသေခြင်း၊ သံဃာတော်၌ မရိုသေခြင်း၊ အကျင့်သိက္ခာ၌ မရိုသေခြင်း၊ သမာဓိ၌ မရိုသေခြင်းတို့ဖြင့် နေကြလျှင် သာသနာတော်မြတ်ကြီးသည် ကွယ်ပျောက်မည်ဖြစ်ကြောင်း၊ ဘုရား၌ ရိုသေခြင်း၊တရားတော်၌ ရိုသေခြင်း၊ သံဃာတော်၌ ရိုသေခြင်း၊ အကျင့်သိက္ခာ၌ ရိုသေခြင်း၊ သမာဓိ၌ ရိုသေခြင်းတို့ဖြင့်နေကြလျှင် သာသနာတော်ကြီးသည် အရှည်တည်တံ့မည်ဖြစ်ကြောင်း ဘုရားရှင်က ဟောကြားတော်မူခဲ့ပါကြောင်း။

ရတနာသုံးပါးကို မရိုသေ မလေးစားသူသည် ဟောကြားတော်မူအပ်သော တရားဒေသနာတော်၏ အဆုံးအမတို့ကိုလည်း ဂရုမမူတော့ဘဲ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးအားဖြင့် အကုသိုလ်တရားများကိုသာ ကြံစည်ပြောဆို ပြုလုပ်မည်ဖြစ်ပါကြောင်း၊ အပြစ်ရှိ၍ မကောင်းကျိုးကို ပေးနိုင်သော အကုသိုလ်တရားများကိုသာကြံစည်ပြောဆို ပြုလုပ်မည်ဖြစ်ကြောင်း၊ အပြစ်ရှိ၍ မကောင်းကျိုးကို ပေးနိုင်သော အကုသိုလ်ကံများ ပြုလုပ်သည်ဆိုလျှင်ပင် အကောင်အထည်နောက် အရိပ်သည် အစဉ်လိုက်ပါသကဲ့သို့ မကောင်းကျိုးများသာရရှိမည်ဖြစ်ပါကြောင်း၊အမြတ်ဆုံးသော ရတနာသုံးပါး၌ ရိုသေခြင်း၊ ကိုယ်ကျင့်သိက္ခာကို ရိုသေလေးစားတန်ဖိုးထား ကျင့်ကြံခြင်း၊ တည်ကြည်ခံ့ညား သမာဓိအားကို ရိုသေလေးစားမြဲမြံစေခြင်းဖြင့် အပြစ်ကင်း၍ ကောင်းကျိုးကိုပေးနိုင်သည့် ကုသိုလ်ကံတရားများပြုလုပ်ပါကကောင်းကျိုးတရားများသာ ရရှိခံစားရမည်ဖြစ်ပါကြောင်း၊ကုသိုလ်တရားများသာကြံစည်ပြောဆို ပြုလုပ်ကြခြင်းဖြင့် သာသနာတော်မြတ်ကြီးသည် ရောင်ရှိန်ထွန်းတင့် ပွင့်လင်းဝေစည်နေမည်သာ ဖြစ်ပါကြောင်း။

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်သုံးရပ်တွင်သင်ယူလေ့ကျက်မှတ်သားနာယူအပ်သော ပရိယတ္တိသာသနာတော်သည် အခြေခံကျလျက် အရေးကြီးလှကြောင်း၊ ဆရာတော် မထေရ်မြတ်များအားလုံး သိရှိတော်မူပြီးဖြစ်ပါကြောင်း၊ ပရိယတ္တိသာသနာတော် တောက်ထိန်ဝင်းဝင်း ထွန်းလင်းပါမှ ကျင့်ကြံကြိုးကုတ်အားထုတ်ပွားများရသော ပဋိပတ္တိသာသနာတော်၊ အကျိုးမြတ်ထူးအဖူးအငုံ ပွင့်စုံအသီးဟူသော မဂ်ဖိုလ်နိဗ္ဗာန်ရလဒ် ပဋိဝေဓ သာသနာတော်မြတ်တို့သည် ပွင့်ထွန်းဝေစည်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပရိယတ္တိသာသနာတော်ကြီးကို အထူးအလေးထား ချီးမြှင့်ပူဇော်လျက်ရှိရာ အထူးသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၉၄၈ ခုနှစ်ကစ၍ ကျင်းပခဲ့ပြီး သာသနာ့အာဇာနည် မထေရ်မြတ်များကို ရွေးချယ်ဖော်ထုတ် ပူဇော်ခဲ့ပါကြောင်း၊ သာသနာ့အာဇာနည် လောင်းလျာများသည် အာဂမသဘာဝနှင့် စွမ်းရည်ပါရမီ အထူးရှိကြသော ပုဂ္ဂိုလ်များသာဖြစ်ပါသည်ဘုရား။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၃၃ ရက်တိုင်တိုင် ဖြေဆိုကြရ၍ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကသုံးပုံ သင်ရိုးကျမ်းစာအုပ် ၂၀ မှ ဆဋ္ဌမူ စာမျက်နှာပေါင်း ၈၀၂၆ ကို အထစ်အငေါ့မရှိ အဆင့်ဆင့် အာဂုံပြန်ဆိုပြီးမှသာ တိပိဋကဓရဘွဲ့ကို ခံယူရရှိတော်မူပါကြောင်း၊ တစ်ဖန် ပိဋကသုံးပုံ ပါဠိတော်အုပ်ရေ ၂၀ နှင့် တကွ ယင်းကျမ်းစာများ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ နိဿယ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိအစရှိသောကျမ်းစာအုပ်ပေါင်း ၁၀၀ကျော်မှခဲရာခဲဆစ်အဓိပ္ပာယ်များကိုသဘောရေးဖြေစာမေးပွဲအောင်မြင်ပြီးပါမှ တိပိဋက ကောဝိဒဘွဲ့ကို ဆက်ကပ်လှူဒါန်းပါကြောင်း။

အကြိမ်(၆၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၆၉ခုနှစ်၊ နတ်တော်လဆန်း၁၄ရက် (၂၃-၁၂-၂၀၀၇)ရက်မှ ပြာသိုလဆန်း ၁၅ရက် (၂၂-၁-၂၀၀၈)ရက်အထိ ကျင်းပခဲ့ရာ အာဂုံပြန်နှင့် သဘောရေးဖြေ အောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်မြတ်များမှာ-

- မူလအာဘိ ဓမ္မိက အောင် သာသနာ့ အာဇာနည်အရှင်မြတ် (၂)ပါး
- ဒီဃနိကာယ ကောဝိဒအောင် သာသနာ့အာဇာနည်အရှင်မြတ် (၃)ပါး
- ဒီဃဘာဏကအောင် သာသနာ့ အာဇာနည်အရှင်မြတ် (၂)ပါး
- ဝိနယကောဝိဒအောင် သာသနာ့ အာဇာနည်အရှင်မြတ် (၄)ပါး
- ဝိနယဓရအောင် သာသနာ့ အာဇာနည်အရှင်မြတ် (၂၅)ပါး
- ဥဘတောဝိဘင်္ဂ ကောဝိဒအောင် သာသနာ့အာဇာနည် အရှင်မြတ် (၇)ပါး
- ဥဘတော ဝိဘင်္ဂ ဓရအောင် သာသနာ့အာဇာနည် အရှင်မြတ် (၄၄)ပါး

စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ် ၈၇ ပါးတို့ အောင်မြင်တော်မူခဲ့ကြပါကြောင်း။

ဘုရားတပည့်တော်တို့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒကာ ဒါယိကာမများတို့သည် သာသနာတော်၌ အခြေခံကျသော ဂန္ထဓုရသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ အားထုတ်ထမ်းဆောင်နေကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး အရှင်မြတ်များကို စဉ်ဆက်မပြတ် လှူဒါန်းချီးမြှောက်ပူဇော်ခွင့် ရရှိနေခြင်းသည် အလွန်တရာထူးကဲလှသော သာသနာပြု ကုသိုလ်ထူးကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိနေခြင်းပင်ဖြစ်ပါကြောင်း၊ သာသနာ့အာဇာနည်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဝိနည်းနောက်ပိုင်း သုံးကျမ်းရေးဖြေအောင် ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် အရှင်သူမြတ်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လှိုင်သာယာမြို့နယ်ရှိ အတွင်းပဒံ လေဘေးကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား အိမ်ထောင်စု အလိုက် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်မြို့မှ ကြိုဆိုကြသည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မေ ၃၀ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား နှုတ်ဆက် အားပေးကာ လိုအပ်သည်များကို တာဝန်ရှိပုဂ္ဂိုလ်များအား မှာကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာမြို့နယ်ရှိ အတွင်းပဒံလေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတို့က ရှေးဦးစွာ လေဘေးသင့်ပြည်သူများအတွက် အစားထိုးဆောက်လုပ်သွားရန် လျာထားသည့် အလျား၊ အနံပေ ၂၀စီနှင့် အမြင့် ၁၁ ပေရှိ ဝါးကြမ်းခင်း၊ ထရံကာ၊ ဓနိမိုးအိမ်ပုံစံငယ်ကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အတွင်းပဒံလေဘေးကယ်ဆယ်ရေးစခန်း၌ ရွက်ဖျင်တဲများဖြင့် နေထိုင်ကြသည့် လေဘေးသင့်ပြည်သူများအား အိမ်ထောင်စုအလိုက် လိုက်လံနှုတ်ဆက်ပြီး ကယ်ဆယ်ရေးစခန်းအတွင်း နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအခြေအနေ၊ ပုံမှန်အလုပ်အကိုင်နှင့် စားဝတ်နေရေး၊ ကလေးများ၏ ပညာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား တာဝန်ရှိပုဂ္ဂိုလ်များက အတွင်းပဒံ လေဘေးကယ်ဆယ်ရေးစခန်းအနီးရှိ အမှတ်(၇)အခြေခံပညာ အလယ်တန်းကျောင်း၏ ကျောင်းဆောင်အမိုးပြန်လည်မိုးပြီးမှုနှင့် ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကိုလည်း ရှင်းလင်းပြသကြသည်။

အတွင်းပဒံ လေဘေးကယ်ဆယ်ရေးစခန်း၌ ရွက်ဖျင်တဲအလုံး ၄၀ဖြင့် အိမ်ထောင်စု ၄၀၊ ကျား၊ မ ၁၆၉ဦးတို့အား စနစ်တကျ နေရာချထားပေးပြီး လိုအပ်သည့် ကူညီမှုများကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ အုပ်ချုပ်ရေးအကူရုံး၊ ကွပ်ကဲရေးရုံးတို့ဖွင့်လှစ်၍ လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှု၊ ဆေးခန်းဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆)ရပ်ကွက် လေဘေး ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် မေးမြန်းအားပေးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက လေဘေးသင့်မိသားစုများအတွက် ဆောက်လုပ်ပေးမည့် ပေ ၂၀ပတ်လည်ရှိ အိမ်နှင့် အလျား၊ အနံ သုံးပေစီနှင့် အမြင့်ရှစ်ပေရှိ ယင်လုံအိမ်သာတို့ကို ရှင်းလင်းပြသ တင်ပြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ လေဘေးကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်အိမ်ထောင်စုများအား စနစ်တကျ နေရာချထားပေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေဘေးသင့် အိမ်ထောင်စုများအား စီစဉ်နေရာချထားပေးသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက်ရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိပုဂ္ဂိုလ်များက ကွပ်ကဲရေးရုံးဖွင့်လှစ်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ကျန်းမာရေးဆေးခန်းဖွင့်လှစ်ကုသပေးမှု၊ ရွက်ဖျင်တဲအလိုက် မိသားစုများအား နေရာချထားပေးမှုများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မိသားစုများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက် အားပေးပြီး မိသားစုဦးရေ၊ ကျန်းမာရေးအခြေအနေ၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု၊ ကလေးငယ်များ၏ ပညာရေးအခြေအနေ၊ စခန်းအတွင်း နေထိုင်စားသောက်မှုများကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါ (MITT)သို့ ရောက်ရှိကြပြီး ဆိပ်ကမ်း၌ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်၍ ပဲတီစိမ်း၊ မတ်ပဲနှင့် သစ်လုံးများ တင်ပို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သီလဝါဆိပ်ကမ်း၌ ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှု၊ ကုန်တင်ကုန်ချ လုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သီလဝါဆိပ်ကမ်းရှိ ကုန်သေတ္တာများနှင့် ကုန်သေတ္တာများထားရှိနိုင်သည့် ဆိပ်ကမ်းလွင်ပြင်တို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါ (MITT)သည် ကုန်တန်ချိန် ၁၅၀၀၀ မှ ၂၀၀၀၀ ဆံ့ ပင်လယ်ကူး ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ပြီး ဆိပ်ကမ်းအမှတ်(၅)မှ (၉)အထိ စုစုပေါင်းအလျားမီတာ ၁၀၀၀ ရှည်သဖြင့် ကုန်တန်ချိန် ၂၀၀၀၀ ဆံ့ ကုန်သေတ္တာသင်္ဘောနှင့် အထွေထွေကုန်တင်သင်္ဘော ငါးစင်းတို့ တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည်။

ယခုပင်လယ်ကူးကုန်တင်သင်္ဘောကြီးသုံးစင်း ဆိုက်ကပ်နေပြီး ပဲတီစိမ်း၊ မတ်ပဲနှင့် သစ်စသည့် ကုန်စည်များ တင်ပို့လျက်ရှိသည်။

ထို့အပြင် ကုန်သေတ္တာဆိပ်ခံတံတားငါးခုရှိပြီး ကုန်သေတ္တာ ၅၀၀၀ ထားရှိနိုင်သည့် ကုန်သေတ္တာလွင်ပြင်နှင့် ခေတ်မီဝန်ချီစက်များရှိသည့်အပြင် ကုန်စည်သိုလှောင်ရုံများမှာ စုစုပေါင်းစတုရန်းမီတာ ၂၀၀၀၀ ကျယ်ဝန်းသဖြင့် ကုန်စည်များကောင်းစွာ လက်ခံသိုလှောင်သယ်ပို့နိုင်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် ဗိုလ်အောင်ကျော်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတို့တွင် နိုင်ငံတကာမှ ကုန်စည်များ၊ ကုန်သေတ္တာများ ပုံမှန်သယ်ယူတင်ပို့နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေဆိပ်ကမ်း အမှတ်(၁)မှ (၇)အထိ စုစုပေါင်းအလျား၁၀၂၆မီတာ ရှည်လျားပြီး ကုန်တန်ချိန် ၁၅၀၀၀တင်ဆောင်နိုင်သော အထွေထွေကုန်စည်တင်သင်္ဘောခုနစ်စင်းတစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည်။

ဗိုလ်အောင်ကျော် ဆိပ်ကမ်း အမှတ်(၁)မှ (၃)အထိ စုစုပေါင်းအလျား ၄၅၇ မီတာရှည်လျားပြီး ကုန်တန်ချိန် ၁၅၀၀၀ တင်နိုင်သော ကုန်သေတ္တာသင်္ဘောတစ်စင်းနှင့် အထွေထွေကုန်စည်တင်သင်္ဘောနှစ်စင်း စုစုပေါင်း သုံးစင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကုန်သေတ္တာစခန်းများအနေဖြင့် ဗိုလ်အောင်ကျော် ကုန်သေတ္တာဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၆၂၂လုံး၊ ဖက်စပ်ကုန်သေတ္တာလုပ်ငန်းအနေဖြင့် ကုန်သေတ္တာ၄၃၈၇လုံး၊ ကုန်းတွင်းကုန်သေတ္တာစခန်း၌ ကုန်သေတ္တာ ၂၈၂၂လုံး သိုလှောင်နိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်သို့ရောက်ရှိကြပြီး စဉ့်အိုးတန်းဇာတံတား၊ ရွှေတောင်တန်းဇာတံတား၊ လမ်းသစ်ဇာတံတား၊ ကိုင်းတန်းဇာတံတား၊ ဝါးတန်းဇာတံတားတို့၌ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့ ခရီးသည်နှင့် ကုန်စည်များ ပုံမှန်ပြန်လည်ဆက်သွယ်သွားလာ ကုန်သွယ်နေမှုများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စက်မှုဆိပ်ကမ်း(MIP)တွင် ကုန်သေတ္တာသင်္ဘောများနှင့် အထွေထွေကုန်စည်တင်သင်္ဘောများ ဆိုက်ကပ်၍ ကုန်စည်များ သယ်ပို့နိုင်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

မြန်မာ့စက်မှုဆိပ်ကမ်း(MIP)၏ ဆိပ်ခံတံတား အမှတ်(၁)နှင့် (၂)သည် စုစုပေါင်း အလျားမီတာ ၃၁၀ရှိသဖြင့် ကုန်တန်ချိန် ၁၃၀၀၀ တင်ဆောင်နိုင်သည့် ကုန်သေတ္တာသင်္ဘောနှင့် အထွေထွေကုန်စည်တင် သင်္ဘောနှစ်စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်ပြီး ကုန်သေတ္တာ ၃၅၀၀သိုလှောင်နိုင်ကြောင်း သိရှိရသည်။

ယင်းနောက် အေးရှားဝေါလ်ဆိပ်ကမ်းသို့ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက အေးရှားဝေါလ်ဆိပ်ကမ်းမှ ဆောင်ရွက်နိုင်သည့် ကုန်တင်ကုန်ချလုပ်ငန်းများ၊ လက်ရှိတွင် ပင်လယ်ကူးသင်္ဘောကြီးများပေါ်သို့ ပြည်ပပို့ကုန်သစ်လုံးများ တင်ပို့နေမှုများ၊ အေးရှားဝေါလ်ဆိပ်ကမ်းအပါအဝင် ဆိပ်ကမ်းအသီးသီးတို့၌ ကုန်သေတ္တာစခန်းများထားရှိမှုနှင့် ကုန်လှောင်ရုံများ လုံလောက်စွာရှိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကိုမှာကြားသည်။

Asia World အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၏ ဆိပ်ခံတံတားသုံးခုသည် စုစုပေါင်း ၆၁၄ မီတာရှည်လျားပြီး ကုန်တန်ချိန် ၁၃၀၀၀ တင်ဆောင်နိုင်သည့် ကုန်သေတ္တာသင်္ဘောနှင့် အထွေထွေကုန်စည်တင်သင်္ဘောလေးစင်းတို့ တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည်။

လက်ရှိတွင် နိုင်ငံတကာအဆင့်မီ ဝန်ချီစက်များဖြင့် သစ်များ၊ ကုန်သေတ္တာများကို ပင်လယ်ကူး ကုန်တင်သင်္ဘောကြီးများပေါ်သို့ တင်ပို့နေပြီး လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

❒ စာမျက်နှာ ၆ မှ

Asia World ဆိပ်ကမ်းအနေဖြင့် ကုန်သေတ္တာ ၄၆၅၇လုံး သယ်ယူသိုလှောင်နိုင်ကြောင်း သိရှိရသည်။

Asia World ဆိပ်ကမ်းနှင့် ဆက်စပ်လျက်လည်းကောင်း၊ ရန်ကုန်ဆိပ်**ကမ်းတစ်လျှောက်တွင်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပိုင် ကုန်သိုလှောင်ရုံများ အရန် သင့်ရှိနေပြီး ကုန်စည်များလက်ခံသိုလှောင် ပို့ဆောင်ပေးလျက်ရှိကြောင်းသိရှိရ သည်။**

ရန်ကုန်မြို့တွင် သီလဝါဆိပ်ကမ်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်း(၇)ခုရှိနေပြီး ယင်းဆိပ်ကမ်းများအနေဖြင့် ကုန်တန်ချိန် (၁၃၀၀၀) မှ (၁၅၀၀၀) တင်ဆောင်နိုင်သည့် ကုန်သေတ္တာသင်္ဘောနှင့် အထွေထွေ ကုန်စည်တင်သင်္ဘော (၂၃)စင်းတို့ တစ်ပြိုင်တည်းဆိုက်ကပ်နိုင်သည်။ လောလောဆယ်တွင် သင်္ဘော (၂၁)စင်း တစ်ပြိုင်တည်း ဆိုက်ကပ်လက်ခံနိုင်လျက်ရှိသည်။

ယင်းဆိပ်ကမ်း(၇)ခုတွင် ကုန်းတွင်း ကုန်သေတ္တာစခန်းအပါအဝင် ကုန်သေတ္တာစခန်း(၆)ခုရှိပြီး စုစုပေါင်း ကုန်သေတ္တာ (၂၂၉၈၈) လုံးတို့ တစ်ပြိုင် တည်း လက်ခံသိုလှောင်နိုင်သည်။

ယခုအခါတွင် အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်းခုနစ်ခုနှင့် ကုန်သေတ္တာစခန်းခြောက်ခုတို့သည် လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ကြပြီး လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လေယာဉ်ကြီးများဖြင့် ပံ့ပိုးပစ္စည်းများရောက်ရှိမှု၊ လေယာဉ်များပေါ်မှ သက်ဆိုင်ရာဒေသများသို့ ချက်ချင်းပေးပို့နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ တင်ယူနေမှုများကို ကြည့်ရှုကြသည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀တွင်လည်း ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံပြီး လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရန်ကုန်မြို့နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ မူလအနေအထားသို့ ပြန်လည်ရောက်ရှိရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းသို့ ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ အတွင်းရေးမှူး(၁)နှင့် တာဝန်ရှိသူများက ရန်ကုန်မြို့နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ မူလအနေအထားသို့ ရောက်ရှိရေး စီစဉ်ဆောင်ရွက်ချက်များ၊ ဆက်လက်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်(၁၇) ရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် လေဘေးကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မှာကြားချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို ဗဟိုကော်မတီဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ထပ်မံရှင်းလင်း ဆွေးနွေးမှာကြားကြသည်။
(သတင်းစဉ်)

ရန်ကုန်မြို့တွင် သီလဝါဆိပ်ကမ်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်း(၇)ခုရှိနေပြီး ယင်းဆိပ်ကမ်းများအနေဖြင့် ကုန်တန်ချိန် (၁၃၀၀၀)မှ (၁၅၀၀၀)တင်ဆောင်နိုင်သည့် ကုန်သေတ္တာသင်္ဘောနှင့် အထွေထွေ ကုန်စည်တင်သင်္ဘော (၂၃)စင်းတို့ တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်သည်။ လောလောဆယ်တွင် သင်္ဘော(၂၁)စင်း တစ်ပြိုင်တည်း ဆိုက်ကပ်လက်ခံနိုင်လျက်ရှိ။

ယင်းဆိပ်ကမ်း(၇)ခုတွင် ကုန်းတွင်း ကုန်သေတ္တာစခန်းအပါအဝင် ကုန်သေတ္တာစခန်း(၆)ခုရှိပြီး စုစုပေါင်း ကုန်သေတ္တာ (၂၂၉၈၈) လုံးတို့ တစ်ပြိုင်တည်း လက်ခံသိုလှောင်နိုင်။

မြန်မာ့စက်မှုဆိပ်ကမ်း (MIP) **ရှိ ကုန်သေတ္တာစခန်းကို တွေ့ရစဉ်။**
(သတင်းစဉ်)

Asia World **အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် နိုင်ငံတကာအဆင့်မီ ဝန်ချီစက်များဖြင့် သစ်များ၊ ကုန်သေတ္တာများကို ပင်လယ်ကူးကုန်တင်သင်္ဘောကြီးများပေါ်သို့ တင်ပို့စဉ်။** (သတင်းစဉ်)

သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ(၃)

ကျော်ရဲမင်း

(ယမန်နေ့မှအဆက်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ ဤခရီးစဉ်သည် သဘာဝဘေးဒဏ် ခံစားခဲ့ရသည့် သားသမီးများ၏မျက်ရည်ကို သုတ်ပေးပြီး အပူဒုက္ခများ ငြိမ်းအေးစေမည့် အနာဂတ်အရေးထိ ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည့် ခရီးစဉ်ဖြစ်ပါ၏။ ဗိုလ်ချုပ်မှူးကြီးက ကယ်ဆယ်ရေးလုပ်ငန်းများ အတော်အသင့် ဖြည့်ဆည်းပေးနိုင်သည့် ယခုအချိန်၌ ဒုတိယဆင့်အနေဖြင့် ပျက်စီးသွားသည့် ကျေးရွာများ ပြန်လည်တည်ဆောက်ရေး၊ ယာယီလူနေအဆောက်အအုံများ၌ ဒေသခံများ ပြန်လည်နေထိုင်နိုင်ရေး၊ လမ်း၊ တံတား ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး၊ ကျေးရွာအုပ်စုများအလိုက် ယာယီကျန်းမာရေးစခန်းများ ဖွင့်လှစ်ပေးရေး၊ စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ပါသည်။ တစ်ဆက်တည်းမှာများ၊ ငါးဖမ်းပိုက်များ ဖြည့်ဆည်းပေးမှု လုပ်ငန်းကိစ္စအဝဝကို စတင်စီစဉ် ဆောင်ရွက်သွားကြရန်လည်း လမ်းညွှန်စီမံပေးခဲ့ပါသည်။ လတ်တလောတွင် သဘာဝဘေးဒဏ်ကြောင့် ချက်ချင်းပြန်လည် စိုက်ပျိုး၍ မရနိုင်သေးသည့် လယ်မြေများမှ ပုံမှန်ထွက်ရှိသော ဆန်စပါးပမာဏကို ကာမိစေရန်အတွက် အခြားပြည်နယ်နှင့် တိုင်းများရှိ လယ်မြေများတွင် ဖြစ်နိုင်သည့် နည်းလမ်းများအသုံးပြု၍ စပါးတိုးချဲ့စိုက်ပျိုးသွားရန် မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

တတိယအဆင့်အနေဖြင့် နောင်ကာလများ၌ သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်မည့် ရေလွတ်ကုန်းမြင့်များ၊ ရေတားလေတားသစ်ပင်များ တည်ဆောက်စိုက်ပျိုးရေးတို့အပြင် ကျေးရွာချင်းဆက်လမ်းများကို ရေလွတ်အောင်တာများသဖွယ် လမ်းအမြင့်များ ပြန်လည်တည်ဆောက်ပေးရေး စီမံဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ ယင်းသို့ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကို ပေါင်းစပ် ဆောင်ရွက်နိုင်ရန်အတွက် ပင်လယ်ပိုင်းကျေးရွာများအထိ လမ်းများ ဖောက်လုပ်သွားမည်ဖြစ်သည့်အပြင် လမ်းများကို ပြည်သူများ ရေဘေးမှ ခိုလှုံနိုင်ရန်အတွက် ပေ ၂၀-၃၀ အမြင့်အထိ တည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးက ကမ္ဘာကြီးပူနွေးလာမှုကြောင့် မိုးလေဝသနှင့် ရာသီဥတုပြောင်းလဲမှုများ ရှိလာရာ ယခုကဲ့သို့ ဘေးအန္တရာယ်မျိုးသည် အချိန်မရွေး၊ နေရာဒေသမရွေး၊ ကျရောက်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ အထိတ်ထိတ် အလန့်လန့်ဖြစ်သွားရမည့်အဖြစ်မှ လွတ်ကင်းအောင် ယုံကြည်စိတ်ချရသည့် ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးတည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား ထပ်မံ၍ အသေးစိတ်လမ်းညွှန်မှာကြားခဲ့ပြန်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်းအတွင်း လမ်းကွန်ရက်များ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းဒဏ် ပြင်းထန်စွာ ခံခဲ့ရသည့် ဒေသနှင့် နီးစပ်ဆက်စပ်နေသည့် ဒေသတစ်လျှောက်တွင် ဆက်သွယ်ရေးလမ်းသစ်များ တိုးချဲ့ပြီး လမ်းဟောင်းများကိုလည်း အဆင့်မြှင့်တင် ဖောက်လုပ်ပေးသွားမည်ဖြစ်ပါသည်။ ယခင်က ဒေသအတွင်း လှေဖြင့်သွားနေရသည့်ဘဝမှ ယခုနောက်ပိုင်း ကားဖြင့် သွားလာနိုင်သည့်ဘဝဖြစ်အောင် လုပ်ဆောင်ပေးကြရမည်ဟု မှာကြားထားပါသည်။ လမ်းများ တိုးချဲ့မြှင့်တင် ဖောက်လုပ်ရာတွင်လည်း ယခင်ကခါးလောက်သာသာအမြင့်ရှိခဲ့ရာမှ ယခု တာများသဖွယ် မြှင့်တင်ဖောက်လုပ်ရန်၊ လိုအပ်သည့် တံတားများ တည်ဆောက်သွားရန်၊ ကျေးရွာနှင့် နီးသည့်နေရာတွင် လမ်းများဖောက်လုပ်ရာ၌ ဒီရေလှိုင်းရိုက်ခတ်လာပါက ရွာသူရွာသားများ တက်ရောက် ရှောင်တိမ်းနိုင်ရန်အတွက် လမ်းအပိုင်းကို ပိုမြှင့်ပေးရန်၊ လမ်းနှင့်ဝေးသည့် ကျေးရွာများတွင် ဒီရေလှိုင်းရိုက်ခတ်မှုဘေးမှ လွတ်ကင်းအောင် ရှောင်တိမ်းနိုင်ရန်အတွက် ကျေးရွာနှင့် မလှမ်းမကမ်း၌ လူလုပ်တောင်ကုန်း အမြင့်များ ဖန်တီးတည်ဆောက်ပေးရန်၊ ဒီရေလှိုင်း ရိုက်ခတ်မှုအရှိန်ကို အဆင့်ဆင့်ဟန့်တား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်းအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ပင် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်အောင် လယ်ယာမြေပြုပြင်မှု၊ တာတမံ၊ ရေထိန်းတံခါးနှင့် ရေငန်တားတမံများ ပြုပြင်တည်ဆောက်မှု၊ ရေငန်မျိုးစပါးနှင့် ဓာတ်မြေဩဇာများရရှိရေးဆောင်ရွက်မှု၊ ကျွဲ၊ နွားနှင့် လယ်ထွန်စက်ငယ်များ ပံ့ပိုးပေးမှု၊ ငါးဖမ်းလှေငယ်များ၊ ပဲ့ထောင်လှေများ၊ ပဲ့ချိတ်စက်

လတ်တလောတွင် သဘာဝဘေးဒဏ်ကြောင့် ချက်ချင်းပြန်လည်စိုက်ပျိုး၍ မရနိုင်သေးသည့် လယ်မြေများမှ ပုံမှန်ထွက်ရှိသော ဆန်စပါးပမာဏကို ကာမိစေရန်အတွက် အခြားပြည်နယ်နှင့် တိုင်းများရှိ လယ်မြေများတွင် ဖြစ်နိုင်သည့် နည်းလမ်းများအသုံးပြု၍ စပါးတိုးချဲ့ စိုက်ပျိုးသွားရန် မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ။

သဘာဝဘေးဒဏ်ကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးမှုများရှိခဲ့ သော်ငြားလည်း ၎င်းတို့ကို ပြန်လည်အစားထိုး ကာမိနိုင်ရုံမျှမက ပိုမိုတိုးတက်ကျော်လွန်ဖြစ်ထွန်းအောင် အားသစ်မာန်သစ် စွမ်းအားသစ်များ ဆက်လက်ဖြည့်တင်း၊ ဖြည့်ဆည်းပေးလျက်ရှိနေပါသည်။ ဒေသခံပြည်သူများ၏ ရင်ထဲ အသည်းထဲတွင် နိုင်ငံတော်အကြီးအကဲ၏ နွေးထွေးလှိုက်လှဲသည့် အပြုံးများ၊ ထိမိလေးနက်သည့် အားပေးစကားများက မုန်တိုင်းနောက်မှ လေနုအေးပမာ ချမ်းမြငြိမ်းအေးနွေးထွေးနေမည်။

ဤခရီးစဉ်သည် မြေအုတ်တို့ ပြိုလဲရာတွင် ကျောက်စိုင် ကျောက်သား ကျောက်အုတ်များဖြင့် အသစ်တည်ဆောက်ပေးသည့် ခရီးစဉ် ဖြစ်ပါ၏။

ကျော်ရဲမင်း

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊
ပ်မှူးကြီးသန်းရွှေ ဧရာဝတီ
ဆာက်ရေးနှင့် စပ်လျဉ်း၍
(သတင်းစဉ်)

ဘဝဖြစ်အောင် လုပ်ဆောင်ပေးကြရ
မှာကြားထားပါသည်။ လမ်းများ တိုးချဲ့
ဖောက်လုပ်ရာတွင်လည်း ယခင်က
ကသာသာအမြင့်ရှိခဲ့ရာမှ ယခု တာများ
မြှင့်တင်ဖောက်လုပ်ရန်၊ လိုအပ်သည့်
များ တည်ဆောက်သွားရန်၊ ကျေးရွာ
သည့်နေရာတွင် လမ်းများဖောက်လုပ်
ရေလှိုင်းရိုက်ခတ်လာပါက ရွာသူရွာသား
ကရောက် ရှောင်တိမ်းနိုင်ရန်အတွက်
ပိုင်းကို ပိုမြှင့်ပေးရန်၊ လမ်းနှင့်ဝေးသည့်
များတွင် ဒီရေလှိုင်းရိုက်ခတ်မှုဘေးမှ
င်းအောင် ရှောင်တိမ်းနိုင်ရန်အတွက်
နှင့် မလှမ်းမကမ်း၌ လူလုပ်တောင်ကုန်း
ား ဖန်တီးတည်ဆောက်ပေးရန်၊ ဒီရေ
က်ခတ်မှုအရှိန်ကို အဆင့်ဆင့်ဟန့်တား

**မရနိုင်သေးသည့် လယ်မြေများမှ
ားရှိ လယ်မြေများတွင် ဖြစ်နိုင်သည့်
က်ပေးလျက်ရှိ။
တို့ကို ပြန်လည်အစားထိုး ကာမိနိုင
းသစ်များ ဆက်လက်ဖြည့်တင်း၊
ိုင်ငံတော်အကြီးအကဲ၏ နွေးထွေး
လေနုအေးပမာ ချမ်းမြငြိမ်းအေး
ကျောက်အုတ်များဖြင့် အသစ်တည်**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း



နိုင်ရန်အတွက် ကမ်းစပ်များတွင် ဒီရေတောစိုက်ခင်းများ ပျိုးထောင်ထားရှိရန် စသည်ဖြင့် သဘာဝဘေး ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးရေးနှင့်အတူပေါင်းစပ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော် အကြီးအကဲ၏ အတည်ပြုချက်အရ ဆက်လက်ဖောက်လုပ်သွားမည့် ကားလမ်းများမှာ မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း (၄၃ မိုင် ၇ ဖာလုံ)၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း (၅၂ မိုင်)၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း (၃၅ ဒသမ ၂ မိုင်)၊ ဘိုကလေး- ကြိမ်ချောင်း-ကဒုံကနိလမ်း (၃၉ မိုင်)၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း (၃၇ မိုင်)တို့ဖြစ်သည်။ ၎င်းအပြင် မူလရှိပြီးဖြစ်သည့် ပုသိမ်-မော်တင်စွန်းလမ်း၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်း တို့ကိုလည်း အဆင့်မြှင့်တင် တိုးချဲ့သွားရန် ဆုံးဖြတ်လမ်းညွှန်ပေးခဲ့ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်များ ဤကဲ့သို့ ဖွဲ့စည်းတည်ဆောက်ရာတွင် လေးထောင့်သဏ္ဍာန် လမ်းကွန်ရက်ကိုလျာထားပါသည်။ လျာထားလမ်းကွန်ရက်တွင် အပြင်ဘက်ဆုံး အန္တရာယ်တားပတ်လမ်းအဖြစ် လက်ရှိ ရန်ကုန်-ပုသိမ်-ငွေဆောင် ကားလမ်းပေါ်ရှိ ဆားမလောက်ရွာနှင့် စိန်တောင်လမ်းဆုံနေရာတို့ကို မြောက်ဘက်ပိုင်း လမ်းဆုံမှတ်များ (Nodal Points) အဖြစ် သတ်မှတ်ပြီး ဆားမလောက်မှ မအူပင်-ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ဆိတ်မ-အမာအထိ လက်ရှိလမ်းကို လေးထောင့်ကွန်ရက်၏ အရှေ့ဘက်ဆုံး လမ်းအဖြစ် တိုးတက်ပြုပြင်သွားရန်နှင့် စိန်တောင်မှ မော်တင်စွန်းအထိ လက်ရှိလမ်းကို လေးထောင့်ကွန်ရက်၏ အနောက်ဘက်ဆုံး လမ်းအဖြစ် တိုးမြှင့်ပြုပြင်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍ မော်တင်စွန်းမှ အမာအထိ မုတ္တမပင်လယ်ကမ်းစပ်တစ်လျှောက်ကို လေးထောင့်ကွန်ရက်၏တောင်ဘက်ဆုံးလမ်းအဖြစ်လျာထားဖောက်လုပ်ပေးခြင်းဖြင့် ပင်မလမ်းကွန်ရက် ရရှိမည်ဖြစ်ပါသည်။

ပင်မလမ်းကွန်ရက်၏ မြောက်ဘက်အဆုံးရှိ အဓိက စီးပွားရေးလမ်းမကြီးဖြစ်သော ရန်ကုန်-ပုသိမ်လမ်းကြောင်းနှင့် ဆက်သွယ်ထားရှိပြီးဖြစ်သည့် မအူပင်၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဘိုကလေး စသည့်မြို့များမှတစ်ဆင့် အထက်ပါလမ်းအသစ် ငါးလမ်းကို တိုးမြှင့်ပြုပြင် အသစ်ဖောက်လုပ်ပေးခြင်းဖြင့် ပင်မကွန်ရက်၏ တောင်ဘက်အဆုံးရှိ အန္တရာယ်တားလမ်းနှင့် ဆက်သွယ်ပေးနိုင်မည် ဖြစ်ပါသည်။ လျာထားလမ်း ကွန်ရက်နှင့်အညီ မကြာမီတွင် အဆိုပါ ကားလမ်းကြီးများသည် နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်အမှတ်တရအဖြစ် ဒေသတွင်း၌ အထင်အရှား ဖြစ်တည်ပေါ်ထွန်း အကျိုးပြုလာနိုင်တော့မည်မှာ မလွဲဧကန်ပင်ဖြစ်ပါ၏။ ထို့ပြင် အဆိုပါ လမ်းကွန်ရက်ကြီးသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးကို ယခင်ကထက် ပိုမိုလွယ်ကူချောမွေ့လျင်မြန်စေမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် အထောက်အကူပြုသွားမည်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု သွက်လက်လျင်မြန်ချောမွေ့လာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးဘဝနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကိုလည်း တစ်ပြိုင်တည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါသည်။ ထို့မျှသာမက ဒေသတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါကလည်း ဒေသခံပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များ လုံခြုံစိတ်ချအကာအကွယ်ရအောင် သယ်ယူရွှေ့ပြောင်းပို့ဆောင်နေရာချထားပေးနိုင်မည့် ဘက်စုံအကျိုးပြု လမ်းကွန်ရက်ကြီး ဖြစ်လာမည်ကို သုံးသပ်တွေ့ရှိနိုင်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ၏ အဓိက ကန့်သတ်ချက်မှာ လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ရာ နိုင်ငံတော်အကြီးအကဲသည် ၎င်းကန့်သတ်ချက်ကို ကျော်လွှားနိုင်ရန် အထူးဝါယမစိုက် သုံးသပ်လမ်းညွှန်ခဲ့ပါသည်။ လမ်းဖောက်လုပ်မှုများနှင့်ပတ်သက်၍ တံတားငယ်များကို တတ်နိုင်သမျှ ဘေလီတံတားအဖြစ် ဆောက်လုပ်ရန်၊ တံတားများ ဆောက်လုပ်ရာတွင် ဒီပိုးစားသောပင်လယ်ကမ်းစပ်ဒေသများဖြစ်၍ သစ်သားတိုင်အစား ကွန်ကရစ်တိုင် (Bent Pile) များအသုံးပြုရန်၊ တံတားအပေါ်ထည်ကို သစ်သားသုံးရန်၊ လမ်းတာပေါင် ဖောက်လုပ်ရာတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်စဉ်က အမြင့်ဆုံးတက်ရောက်ခဲ့သော ရေလှိုင်းအမြင့်ကို မူတည်၍ ရွာအနီးအနား သင့်တော်သည့်နေရာများတွင် ရေလွတ်နိုင်သော တောင်ကုန်းငယ် (Hillock)များ ဆောက်လုပ်ရန်၊ အသစ်ဖောက်လုပ်မည့် လမ်းများအား ပွင့်လင်းရာသီတွင် မြေလမ်း အပြီးဖောက်ရန်၊ ရွှံ့ညွန်မြေပျော့ဒေသများအား ဖြတ်သန်းရပါက ရခိုင်ပြည်နယ်တွင် လမ်းမကြီးများ ဖောက်လုပ်ပေးသကဲ့သို့ Geotextile ပိနန်စ လိုအပ်သလိုသုံးစွဲရန် စသည်ဖြင့် အသေးစိတ် လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့အပြင် ရှိပြီးဖြစ်သည့် ဖျာပုံ-ကျုံကဒွန်း-စက်ဆန်းလမ်းအား အဆင့်တိုးမြှင့်ပြုလုပ်ရန်၊ ဖျာပုံ-စက်ဆန်း၊ ဘိုကလေး-စက်ဆန်း တိုက်ရိုက်လမ်း ရှိ/မရှိ စစ်ဆေး၍ လမ်းအူကြောင်းရှာရန်၊ စက်ဆန်း - ထော်ပိုင်-အမာလမ်းအား လမ်းအူကြောင်းရှာရန်၊ ပင်မလမ်းကြီးများကို ဦးစားပေးဆောင်ရွက်၍ လမ်းတိုများကို အထောက်အကူပြုလမ်း (Feeder Road)အဖြစ် သတ်မှတ်ရန်ဆုံးဖြတ်လမ်းညွှန်ပေးခဲ့ပါသည်။

ထို့မှုမက ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် မော်တော်ယာဉ်များဖြင့် မရောက်ရောက်အောင်သွားရောက်ခဲ့သည့် မြောင်းမြ-လပွတ္တာလမ်းကိုလည်း လပွတ္တာဘက်မှစ၍ ကတ္တရာခင်းရန်၊ မြောင်းမြတံတား၊ လပွတ္တာ (ပင်လယ်လေး) တံတားများခိုင်ခံ့မှုကို အမြဲစောင့်ကြည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

✻ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

စစ်ဆေးရန် စေ့စပ်သေချာစွာ လမ်းညွှန်မှုပေးခဲ့ပါသည်။ မြောင်းမြ-လပွတ္တာကားလမ်း၏ အရေးပါမှုနှင့် အခြေအနေမှန်ကို ကိုယ်တိုင်ရောက်ရှိ သိရှိပြီး ကောင်းသည်ထက် ကောင်းစေလိုသော စေတနာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအပိုင်း၌လည်း လတ်တလောဆောင်ရွက်နေသည့် ဆေးရုံသင်္ဘောအစီအစဉ်သည် ထိရောက်ကြောင်းနှင့် ရေရှည်အတွက် ဒေသတွင်း ဆေးရုံများ အဆင့်မြှင့်တင်မှု၊ ကျေးလက်ဆေးခန်းများအကွက်ချလျက် ဆက်စပ်မိအောင် ဖြန့်ကြက်နေရာချ ဖွင့်လှစ်မှုများ ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါသည်။ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီတိုင်းဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ကို နယ်မြေအတွင်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်စွမ်းရှိအောင်၊ Self Contained ဖြစ်အောင် ဖျာပုံပြည်သူ့ဆေးရုံကြီးအား ခုတင် (၂၀၀) အဆင့်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာပြည်သူ့ဆေးရုံများအား ခုတင် (၁၀၀) အဆင့်သို့ တိုးမြှင့်ခွင့်ပြုပေးခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး၏ ဒေသခံပြည်သူတို့အပေါ် ထားရှိသည့် စေတနာ၊ မေတ္တာ၊ ကရုဏာတရားမှသည် ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့် မြင့်တက်လာရခြင်းဖြစ်ရာ ဒေသခံပြည်သူတို့၏ ရင်တွင်းပီတိကား အတိုင်းအဆ မရှိနိုင်တော့ပါ။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ကယ်ဆယ်ရေးစခန်းများသို့ မရောက်ရောက်အောင် သွားရောက်ပြီး ဒုက္ခသည်များကို တွေ့ဆုံအားပေးခဲ့ရာ၌ ကံကြမ္မာမုန်တိုင်း၏ ပြင်းထန်သည့် ထိုးနှက်ချက်ကြောင့် မိဘမဲ့ဘဝကို မမျှော်လင့်ဘဲ ကျရောက်သွားခဲ့ရသည့် ကလေးငယ်များကိုလည်း တွေ့ခဲ့ဆုံခဲ့ရပါသည်။ ဤကလေးများသည် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ထိခိုက်သွားခြင်း ဖြစ်သည့်အတွက် သူတို့ကို နိုင်ငံတော်က ပြုစုစောင့်ရှောက် လေ့ကျင့်ပျိုးထောင်ပေးမှသာ တစ်ချိန်ချိန်တွင် နိုင်ငံ့အကျိုး သယ်ပိုးနိုင်မည့် လူကောင်း လူတော်လေးများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးက မြော်တွေးမိန့်ကြားခဲ့ပါသည်။ အဆိုပါစကားနှင့်ထပ်တူ လေဘေးသင့် မိဘမဲ့ကလေးများအတွက် ဖျာပုံမြို့နှင့် လပွတ္တာမြို့များ၌ သင်တန်းကျောင်းများ ထူထောင်ပြီး ပြုစုစောင့်ရှောက် ပျိုးထောင်ပေးရန်နှင့် လောလောဆယ် စာရင်းကောက်ယူ စုစည်းပြီး မအူပင်မြို့နှင့် မြောင်းမြမြို့များ၌ သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် ပြုစုစောင့်ရှောက်ထားရန် လမ်းညွှန်စီမံပေးခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် တွေ့ထိအားပေးပြီး ဤကဲ့သို့ လမ်းညွှန် စီမံပေးသည့်သတင်းကို ကြားသိရမှပင် အဆိုပါ ကလေးများအပေါ် ကရုဏာသက်ပြီး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေကြရသည့် တစ်နိုင်ငံလုံးမှ ကျွန်တော်တို့ ပြည်သူများလည်း ဟင်းချပြီး စိတ်အေးနိုင်ခဲ့ရသည်မှာ အမှန်ပင် ဖြစ်ပါ၏။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝဘေးဒဏ်သင့် ဒေသအသီးသီး၌ ရောက်ရှိနေသည့် တပ်မတော်သားများနှင့် ဒေသခံ ပြည်သူများ အားလုံးသည် ရေကိုသားသော် အကြားမထင်သကဲ့သို့ တစ်သားတည်း ဖြစ်နေခဲ့ကြပါပြီ။ ဒေသခံပြည်သူများကလည်း အတူလက်တွဲလုပ်ဆောင်နေသည့် တပ်မတော်သားများ၏ ကျေးဇူးကြီးမားကြောင်း၊ ဆက်လက်ပြီး သူတို့နှင့်အတူ ရှိနေစေချင်ကြောင်း ပြောကြ၊ ရင်ဖွင့်ကြသည်များကိုလည်း ရုပ်မြင်သံကြား ဖန်သားပြင်ထက်၌ မြင်ခဲ့ ကြားခဲ့ကြပြီးပါပြီ။ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသည့် တပ်ရင်းတပ်ဖွဲ့များကိုသာ ဆက်လက်ထားရှိ တာဝန်ပေးသွားရန် မှာကြားခဲ့သည်ဟု သိရပါသည်။ ထို့အပြင် လေဘေးသင့် ဒေသအသီးသီး၌ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း မုန်တိုင်းဒဏ်သင့် ကွယ်လွန်ခဲ့ရသည့် ဝန်ထမ်းများအတွက်လည်း ဝန်ထမ်းခံစားခွင့်များပေးနိုင်အောင် ဆောင်ရွက်ကြရန်လည်း မမေ့မလျော့ စီမံပေးခဲ့ပါသည်။ အမှန်ပင် ဒေသ၏ လိုအပ်ချက်၊ ပြည်သူတို့၏ လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ထောင့်စေ့ရ အောင် ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်ပါသည်။ **“လေဘေးသင့် ဒေသများနှင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရင်း ဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေးအဆင့်ကို မြှင့်တင်ပေးရမှာဖြစ်သည်”** ဟူသည့် လမ်းညွှန်မှာကြားမှုကို ကြည့်လျှင် နိုင်ငံတော်အကြီးအကဲ၏ ရင်တွင်း၌ရှိနေသည့် ပြည်သူများအပေါ် ထားရှိသော စေတနာမေတ္တာ အလှတရားကို ပီပြင်ထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ဖော်ပြပါ လမ်းညွှန် စီမံပေးမှုများနှင့်အညီ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရေရှည်တွင် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အစီအမံများကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းဆောင်ရွက်ပြီးသည့် အချိန်တွင် ဤဒေသကြီး တစ်ခုလုံးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က တိုးတက်ကောင်းမွန်သည့် အဖွံ့ဖြိုးဆုံး ဒေသကြီးဖြစ်လာမည်ဟု ကျွန်တော်တို့ အလေးအနက် ယုံကြည်မိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လေဘေးသင့် ဒေသများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ကား အောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ။ ဤခရီးစဉ်သည် မြေအုတ်တို့ ပြိုလေရာတွင် ကျောက်စိုင်ကျောက်သား ကျောက်အုတ်များဖြင့် အသစ်တည်ဆောက်ပေးသည့် ခရီးစဉ် ဖြစ်ပါ၏။ လူသစ် စိတ်သစ် အားမာန်သစ်များ စုပေါင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အသစ်တည်ဆောက်ပေးသည့် ခရီးစဉ်လည်း ဖြစ်ပါ၏။ **သဘာဝဘေးဒဏ်ကြောင့်** ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ရှိခဲ့သော်ငြားလည်း ၎င်းတို့ကို ပြန်လည်အစားထိုးကာမိနိုင်ရုံမျှမက ပိုမိုတိုးတက်ကျော်လွန်ဖြစ်ထွန်းအောင် အားသစ်မာန်သစ် စွမ်းအားသစ်များ ဆက်လက်ဖြည့်တင်း၊ ဖြည့်ဆည်းပေးလျက်ရှိနေပါသည်။

ဒေသခံပြည်သူများ၏ ရင်ထဲ အသည်းထဲတွင် နိုင်ငံတော်အကြီးအကဲ၏ နွေးထွေးလှိုက်လှဲသည့် အပြုံးများ၊ ထိမိလေးနက်သည့် အားပေးစကားများက မုန်တိုင်းနောက်မှ လေနုအေးပမာ ချမ်းမြငြိမ်းအေး နွေးထွေးနေမည်ဖြစ် သကဲ့သို့ ဒေသအသီးသီး၌လည်း ယခင်ကနှင့်မတူ တစ်မူထူးခြားသော ဖွံ့ဖြိုးတိုးတက်မှု အသီး အပွင့်များ အထင်ကရ ပေါ်ပေါက်ဖြစ်ထွန်း တည်ရှိနေမည်သာ ဖြစ်ပါသည်။

ချုပ်၍ဆိုရပါလျှင် အစိုးရနှင့် ပြည်သူဆိုသည်မှာ မိဘနှင့် သားသမီးများသဖွယ် ဖြစ်ကြပါ၏။ မိဘနှင့် သားသမီးများအကြား အပြန်အလှန် ချစ်ခင်ယုံကြည် လေးစားအားကိုးသည့် မျက်ဝန်းများမှတစ်ဆင့် မိသားစု (ဝါ) နိုင်ငံတော်၏ လှပသောအနာဂတ်ကို ကျွန်တော်တို့ တွေ့မြင်နေကြရပါပြီ။ မိဘဖြစ်သူက မိဘဝတ္တရားနှင့်အညီ သားသမီးကိုချစ်သည့် အနှိုင်းမဲ့မေတ္တာစေတနာကို ဖော်ကျူးပြသပြီး အစစအရာရာ ကုံလုံပြည့်စုံအောင် လမ်းညွှန်စီမံ ဆောင်ရွက်ပေးခဲ့သည့်နည်းတူ ကျွန်တော်တို့ ပြည်သူများကလည်း သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ စေတနာမေတ္တာများကို သိမြင်ခံစား နားလည်ပြီး အဆိုပါ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ အားလုံး အမြန်ဆုံး အောင်မြင်ပြီးမြောက်ခရီးရောက်အောင် စွမ်းအားရှိသမျှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် သားသမီးဝတ္တရား ကျေပွန်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် ကုန်တင် သင်္ဘောများ ဆိုက်ကပ်ပြီး သစ်လုံးများ တင်နေစဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

ထီးတန်း ဆိပ်ကမ်းရှိ ဂိုဒေါင် အဆောက်အအုံများကို တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

❍ စာမျက်နှာ ၅ မှ

အရှင်မြတ်များကို အစဉ်သဖြင့် ရှိသေ လေးစားဖူးမြော်နေရခြင်း၊ ချီးမြှောက်ကော်ရော် ပူဇော်လှူဒါန်းနေရခြင်း၊ အရှင်သူမြတ်တို့ ဟောမိန့်ကြားပြတရားဓမ္မများကို ကြားနာမှတ်သားပူဇော်ရခြင်းတို့သည် ဒါနပါရမီ၊ သီလပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီစသည့် ကောင်းခြင်းစုံညီ ပါရမီကုသိုလ်ထူးများကို လေ့ကျင့် စုဆောင်းခွင့်၊ ဆည်းပူးဖြည့်စွမ်းခွင့် ရရှိနေခြင်းပင်ဖြစ်ပါကြောင်း။

မြတ်စွာဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တရားတော်များကို တည်တံ့အရှည်ထွန်းစည်ဝေဖြာစေရန် စိတ်ရည်သန်လျက် ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဝန်ဆောင် အရှင်မြတ်တို့က ဂန္ထဝိပဿနာနှစ်ဖြာတာဝန်ကိုကျေပွန်ကြီးကုတ်အားထုတ်တော်မူကြသကဲ့သို့ နိုင်ငံတော် အစိုးရနှင့် ပါရမီဖြည့်ချင် ကုသိုလ်ရှင်အများတို့သည်လည်း ဓမ္မာ၊ ပစ္စယနုဂ္ဂဟနှစ်ဝ သာသနာ့ကုသိုလ်တို့ကို သဒ္ဓါစေတနာ ဝေဆာကဲဆင့် ချီးမြှင့်ပူဇော်လျက်ရှိကြပါကြောင်း၊ ဤသို့ဖြင့် ဆရာဒကာညီညာရှေ့နောက်ချီးမြှောက်စောင့်ရှောက် ထောက်ပင့်သည့် ကံအမှန်သဘောမဟာကုသိုလ် ဇောစိတ်အရှိန် အဟုန်တို့ကြောင့် ဘုရားတပည့်တော်တို့အားလုံးသည် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုးများရရှိနိုင်ကြပါစေ၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေဟူ၍ ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်တို့ကို ဆက်ကပ်ကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ဇဋိလနှင့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်မှ အရှင်စန္ဒနတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဒီဃနိကာယ် သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မဟာခေမိကာရာမ ရွှေကျင်စာသင်တိုက်မှအရှင်ကုဏ္ဍဓောဘာသာလင်္ကာရ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ ယင်းမာပင်မြို့နယ်တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်မှ အရှင်ပညိဿရာလင်္ကာရနှင့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှအရှင်ဝိစိတ္တာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏကက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရနှင့် စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်မှ အရှင်အာစိဏ္ဏ၊ ဝိနည်းနောက်ပိုင်း သုံးကျမ်းရေးဖြေအောင်ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ခေမာစာရ၊ စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတိုက်မှ အရှင်ဝါသေဋ္ဌနှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်မှ အရှင်ပညာဝံသာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ဝိနည်းနောက်ပိုင်း သုံးကျမ်းရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရအရှင်သူမြတ်တစ်ပါးနှင့်ဝိနည်းနောက်ပိုင်း သုံးကျမ်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်လေးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးကဝိနည်းနောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ငါးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဝိနည်းနောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ဝိနည်း နောက်ပိုင်းသုံးကျမ်း အာဂုံအောင် ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်ငါးပါးနှင့် ဝိနည်းနောက်ပိုင်းသုံးကျမ်းအာဂုံ ဂုဏ်ထူးဖြင့်အောင် ဝိသိဋ္ဌဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို အသီးသီး ဆက်ကပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက ဝိနည်းနောက်ပိုင်း သုံးကျမ်း အာဂုံအောင် အရှင်သူမြတ်ငါးပါးနှင့် ဝိနည်း ရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်တစ်ပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်လှိုင်က ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ခြောက်ပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ဝိနည်း ရှေ့ပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် ခြောက်ပါးတို့အား လည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းတို့က ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရအရှင်သူမြတ်ငါးပါးစီ တို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို အသီးသီးဆက်ကပ်ကြသည်။

ဆက်လက်၍ ရှေ့နေချုပ် ဦးအေးမောင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က ဝိနည်းရှေ့ပိုင်း နှစ်ကျမ်းအာဂုံအောင်ဥဘတောဝိဘင်္ဂဓရဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ် လေးပါးစီတို့အား လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ဝိနည်းရှေ့ပိုင်းနှစ်ကျမ်းအာဂုံအောင်ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်ငါးပါးစီတို့အားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဝိနည်းရှေ့ပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရအရှင်သူမြတ်လေးပါးစီတို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဝိနည်း ရှေ့ပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါးတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို အသီးသီး ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသြဘာသာဘိဝံသ ထံမှဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာ ရေစက်ချ တရားတော်ကိုနာယူ ကြပြီးလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်သူမြတ်များသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အမှူးပြုသော အဖွဲ့ဝင်များ နှင့် ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

(သတင်းစဉ်)

ဘိုကလေးမြို့ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဒေဝယက္ခမန်းဆေးနှင့် ဆေးမျိုးစုံငွေကျပ် ၁၂သိန်းကျော်ဖိုး လှူဒါန်း

ရန်ကုန် မေ ၃၁

ဧရာဝတီတိုင်းဘိုကလေးမြို့(ဓမ္မာရုံ) မြို့မ ဆွမ်းလောင်းအသင်း လေဘေးကယ်ဆယ်ရေးဌာန၌ မြို့မဆွမ်းလောင်းအသင်းဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဆရာကြီး ဦးအောင်ညွန့်ထံသို့ ပဲခူးမြို့ ဒေဝယက္ခဆေးတိုက် မိသားစုက ငွေကျပ် ၁၂သိန်းတစ်သောင်း တန်ဖိုးရှိ ဒေဝယက္ခမန်းဆေးနှင့် ဆေးမျိုးစုံကို မေ ၃၀ ရက်က လှူဒါန်းခဲ့သည်။

(အောက်ပုံ)

အဆိုပါဆေးမျိုးစုံကို ဘိုကလေးမြို့ ဘုန်းတော်ကြီးကျောင်း ၅၃ကျောင်းရှိ သံဃာတော် ၁၀၆၅ ပါးနှင့် လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် ဘိုကလေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လေဘေးသင့်သူ အဖွဲ့ဝင် ၂၃ ဦး သို့လည်း ဆန်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၇၂)

သောက်ရေသန့်များနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းအတွင်းရှိ သောက်ရေသန့်စက်ရုံများသည် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကြောင့် ပျက်စီးခြင်း ရှိ၊ မရှိနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်များ ထုတ်လုပ်နိုင်ခြင်း ရှိ၊မရှိကို ကျန်းမာရေးဦးစီးဌာနမှ ဆက်လက်စစ်ဆေးလျက်ရှိရာ အောက်ဖော်ပြပါ သောက်ရေသန့်လုပ်ငန်းများမှာ သောက်ရေသန့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

စဉ် **သောက်ရေသန့်လုပ်ငန်းအမည်**

၁။ Star သောက်ရေသန့်
၂။ ရေခဲတောင်ရေသန့်ရေခဲ
၃။ Zwe သောက်ရေသန့်
၄။ အင်ပါယာသောက်ရေသန့်
၅။ ၅၅၅သောက်ရေသန့်
၆။ Kool Aqua သောက်ရေသန့်
၇။ Family သောက်ရေသန့်
၈။ မြန်မာအိုလံပစ်သောက်ရေသန့်

၃။ သို့ပါ၍ သောက်ရေသန့်လုပ်ငန်းများသည် သောက်ရေသန့်သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း ကျန်းမာရေးဦးစီးဌာန၏ထောက်ခံချက်ရရှိမှသာထုတ်လုပ်ဖြန့်ဖြူးရောင်းချပါရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ငွေ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၁

ရန်ကုန် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်မိသားစုတို့၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေ လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ အလှူရှင် ဦးဝင်းလွင်နှင့် ဒေါ်မြတ်မြတ်မော် (ကျော်သာကုမ္ပဏီ)တို့က ပညာသင်ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတဘုရှ်၏ စစ်ပွဲဆိုင်ရာ မူဝါဒအပေါ် ဂွ္ဂန်မက်ကိန်း သဘောထားကွဲလွဲကြောင်း ဖော်ပြ

ဝါရှင်တန် မေ ၃၀

အမေရိကန် ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း ဂွ္ဂန်မက်ကိန်းက သမ္မတ ဂျော့ဂ်ျဘုရှ်၏ စစ်ပွဲဆိုင်ရာ မူဝါဒများအပေါ် သဘောထားကွဲလွဲမှုရှိကြောင်း ပါလီမန်တွင် မိန့်ခွန်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူလူထုအနေဖြင့် အီရတ်စစ်ပွဲပြဿနာအတွင်း နစ်မျောနေပြီး စစ်ပွဲနှင့် ပတ်သက်၍ ပင်ပန်းနွမ်းလျနေသည်မှာ အများအသိပင်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း အရပ်သားများနှင့် စစ်ဘက်ဆိုင်ရာ တပ်မှူးများကျူးလွန်ခဲ့သည့်အမှားများအပေါ် စိတ်နှလုံး ထိခိုက်မှုဖြစ်ခဲ့ရကြောင်း၊ ယင်းအတွက် မိမိတို့တန်ဖိုးကြီးသည့် ပေးဆပ်မှု ပြုခဲ့ရပြီ ဖြစ်ကြောင်း စသည်ဖြင့် မက်ကိန်းက ပြောကြားသည်။

အမေရိကန်သမ္မတ အိမ်ဖြူတော်အတွက်ကြိုးပမ်းမှုပေါ် ဆန့်ကျင်ဘက်သဘောဆောင်သည့် ဩဇာတိက္ကမရှိမှုကို ဂွ္ဂန်မက်ကိန်းကကန့်သတ်ရန် ကြိုးပမ်းနေသည်။ သမ္မတဘုရှ်အား ပြည်သူလူထု၏ ထောက်ခံမှုသည် အီရတ်စစ်ပွဲငါးနှစ်ကြာကာလအတွင်း ဆိုးရွားစွာ ကျဆင်းခဲ့သည်။

သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၅၀၀၀ကို အီရတ်မှအမြန်ရုပ်သိမ်းစေမည့် ဒီမိုကရက်ပါတီ၏အစီအစဉ်ကိုမူ ၎င်းက ဆန့်ကျင်သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အယ်လ်-ခိုင်ဒါအား ပိုမိုခိုင်မာ တောင့်တင်းစေနိုင်ပြီး အီရန်နှင့် အရှေ့အလယ်ပိုင်းမှ နိုင်ငံအချို့အတွက် ပိုမိုဩဇာကြီးလာနိုင်သည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စက်သုံးဆီ ဈေးနှုန်းကြီးမြင့်မှုကြောင့် ပင်လယ်ပြင်သို့ ငါးဖမ်းမထွက်နိုင်ဘဲ စပိန်နိုင်ငံ ဘာဆီလိုနာ ဆိပ်ကမ်းတွင် ရပ်နားထားရသော ငါးဖမ်းသင်္ဘောများကို မေ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိုပက်အဖွဲ့ဝင်အဖြစ်မှ အင်ဒိုနီးရှားနိုင်ငံ နုတ်ထွက်ဖွယ်ရှိဟုဆို

ဂျကာတာ မေ ၃၀

အင်ဒိုနီးရှားနိုင်ငံသည် ရေနံတင်ပို့ရောင်းချနိုင်သော အခြေအနေတွင် ရပ်တည်နေရာမှယခုအခါရေနံပြန်လည်တင်သွင်းနေရသော အခြေအနေသို့ ရောက်ရှိသွားပြီဖြစ်သဖြင့် ရေနံတင်ပို့ရောင်းချသောနိုင်ငံအဖွဲ့ (အိုပက်)၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးက မေ ၂၈ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ရေနံအထွက် လျော့ပါးလာသဖြင့် အိုပက်အဖွဲ့အပေါ် ဩဇာသက်ရောက်မှုမှာလည်း နည်းပါးသွားသည်။ သို့သော် အိုပက်အဖွဲ့အတွင်း အင်ဂိုလာနှင့် အီကွေဒေါနိုင်ငံတို့ ဝင်ရောက်လာသည့်အတွက် ယင်းအဖွဲ့၏ဩဇာမှာ ကမ္ဘာ့စွမ်းအင်လောကတွင် ပိုမိုအားကောင်းလာသည်။

ယခင်အခါက အင်နီးရှားနိုင်ငံသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို ပြည်တွင်း၌ အရှုံးခံ၍ ရောင်းချပေးခဲ့သည်။ သို့သော် မကြာသေးမီကာလက ဓာတ်ဆီနှင့် ဒီဇယ်ဆီကို စံချိန်တင်ရလောက်အောင် မြင့်မားသော ဈေးနှုန်းဖြင့် ဝယ်ယူ တင်သွင်းခဲ့ရသည်။ ထို့ကြောင့် မလွှဲသာမရှောင်သာတော့ဘဲ လောင်စာများ၏ ဈေးနှုန်းကို စနေနေ့မှစ၍ ဈေးနှုန်း တိုးမြှင့်ရောင်းချရတော့မည်ဖြစ်သည်။ ထို့အပြင် ယင်းနိုင်ငံသည် အာရှဒေသ၏ တစ်ခုတည်းသော အိုပက်အဖွဲ့ဝင် နိုင်ငံအဖြစ်မှလည်း ရပ်ဆိုင်းတော့မည် ဖြစ်သည်။

အကယ်စင်စစ် မိမိတို့နိုင်ငံသည် ရေနံထုတ်လုပ်သော နိုင်ငံအဖြစ် ရပ်တည်နေချိန်၌ပင် ရေနံတင်သွင်းရသောနိုင်ငံအဖြစ်လည်းတည်ရှိနေသည်ဖြစ်၍ကမ္ဘာ့ဈေးကွက်တွင်ရေနံဈေးနှုန်းများကြီးမြင့်လာသည်ကို မလိုလားပါဟု အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်ဝန်ကြီး ပူနိုမိုယူဂင်တိုရိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားက တူရကီသို့ သဘာဝဓာတ်ငွေ့ တိုးမြှင့်ထောက်ပံ့ပေးမည်

အင်ကာရာ မေ ၃၀

ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီးတစ်ခုဖြစ်သည့်ဂတ်စ်ပရွန်က တူရကီနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ နေ့စဉ်ပို့လွှတ်နေမှုအပေါ် တိုးမြှင့်ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း အင်္ဂါနေ့တွင်အနာတိုလီယာသတင်းစာက ကိုးကားဖော်ပြခဲ့သည်။

တိုးမြှင့်ပို့လွှတ်ပေး

ဂတ်စ်ပရွန်အနေဖြင့်သဘာဝဓာတ်ငွေ့ ပမာဏ ကုဗမီတာ သန်းပေါင်း ၃၀ကိုတူရကီသို့ နေ့စဉ်တိုးမြှင့်ပို့လွှတ်ပေးမည်ဟု ဂတ်စ်ပရွန်မှ ပြောရေးဆိုခွင့်ရှိသူ ဆာဂျေကူပရီရာနိုက သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ဂတ်စ်ပရွန်သည် အီရန်-တူရကီ ပိုက်လိုင်းကိုဖြတ်သန်းပြီးနောက်သဘာဝဓာတ်ငွေ့များကိုတူရကီသို့ ဖြည့်စွက်ပို့လွှတ်ရန် ဆုံးဖြတ်ထားကြောင်း ကူပရီရာနိုက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ယခင်က စမ်းချောင်းပြာဟုခေါ်တွင်သော ပိုက်လိုင်းမှတစ်ဆင့် တူရကီနိုင်ငံသို့ ဓာတ်ငွေ့ပို့လွှတ်ပေးမှုမှာကုဗမီတာ ၂၂ သန်းသာရှိခဲ့သည်။

ထောက်ပံ့ပေး

ဂတ်စ်ပရွန်သည်ကမ္ဘာပေါ်၌အကြီးဆုံးသဘာဝဓာတ်ငွေ့ကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဘူမိဗေဒနှင့်ဆိုင်သော လေ့လာဖော်ထုတ်ရေးလုပ်ငန်း၊ ထုတ်လုပ်ရေးလုပ်ငန်း၊ တစ်ဆင့်ပို့လွှတ်ပေးခြင်း၊ သိမ်းဆည်းခြင်းနှင့် သဘာဝဓာတ်ငွေ့နှင့် အခြားဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့များအတွက် ဈေးကွက်ရှာဖွေခြင်းနှင့် လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို လုပ်ကိုင်လျက်ရှိသည်။ ၎င်း၏ရည်မှန်းချက်မှာသုံးစွဲသူများကို ထိထိရောက်ရောက်နှင့်မျှမျှတတ ထောက်ပံ့ပေးရန်နှင့် ရေရှည်တွင် သဘာဝဓာတ်ငွေ့ တင်ပို့မှု၌ ကန်ထရိုက်စာချုပ်များ ရရှိရန်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ပနားမားနိုင်ငံ ပနားမားစီးတီးမြို့ ရဟတ်ယာဉ် ပျက်ကျရာနေရာရှိ မီးလောင်နေသော အဆောက်အအုံကို မီးငြိမ်းသတ်ရန် ကြိုးစားနေကြသော မီးသတ်သမားများအား မေ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရေကြီးမှုဖြစ်ပွား ရွာပေါင်း ၁၀၀ ကျော် ပျက်စီးဆုံးရှုံး

ဂူဝါဟာတီ (အိန္ဒိယ)မေ ၃၀

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြီးခဲ့သော နှစ်ရက်ကျော်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးမှုဖြစ်ပွားခဲ့ရာ ရွာပေါင်း ၁၀၀ ကျော် ပျက်စီးဆုံးရှုံးသွားပြီးလူထောင်ပေါင်းများစွာ အတိဒုက္ခရောက်ကြသည်ဟု အရာရှိများက မေ ၂၉ ရက်နေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ အာဆန်ပြည်နယ်၌ မြစ်ရေလျှံမှုကြောင့် အိမ်ပေါင်းများစွာ ရေနှင့်အတူ မျောပါသွားခဲ့ပြီး မြေနိမ့်ပိုင်း၌ နေထိုင်သော လူအများစုကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ထိုဒေသ၌ မြစ်ရေလျှံမှုကြောင့် နေရာဒေသအများအပြားရှိ တာများ ပျက်စီးသွားခဲ့ရာ လူပေါင်း ၅၀၀၀၀ ခန့် အတိဒုက္ခရောက်ခဲ့ကြသည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုမာလီပင်လယ်ဓားပြများ ဒတ်ချ်သင်္ဘောအားအပိုင်စီး

ဘရပ်ဆဲ မေ ၃၀

ဆိုမာလီနိုင်ငံကမ်းရိုးတန်း အေဒင်ပင်လယ်ကွေ့ရှိ အပြည်ပြည်ဆိုင်ရာ ရေပြင်အတွင်း ဒတ်ချ်နိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးခဲ့ကြောင်း အင်္ဂါနေ့ထုတ် ဒတ်ချ်နိုင်ငံနေ့စဉ်သတင်းစာ သည်တယ်လီဂရပ်တွင် ရေးသားဖော်ပြသည်။

ယင်းသင်္ဘောသည် နယ်သာလန်နိုင်ငံမြောက်ပိုင်းရှိ ဝင်စချိုတင်ဒေသတွင်အခြေစိုက်ပြီးဒတ်ချ်နိုင်ငံရီဒါသင်္ဘောကုမ္ပဏီက ပိုင်ဆိုင်သည်။

အဆိုပါသင်္ဘောသည်ရေနံတွင်းတူးစင်ဆိုင်ရာပစ္စည်းကိရိယာများ တင်ဆောင်လာပြီး ကင်ညာနိုင်ငံ မွမ်ဘာဆာဆိပ်ကမ်းမှ ရိုမေးနီးယားနိုင်ငံ ကွန်စတန်ဇာဆိပ်ကမ်းသို့ သွားရာလမ်းတွင် အပိုင်စီးခံရကြောင်း ယင်းသတင်းစာက ဖော်ပြသည်။

ယင်းသင်္ဘောသည် မွမ်ဘာဆာဆိပ်ကမ်းမှ မေ ၁၉ ရက်တွင် ထွက်ခွာသွားကြောင်း ကင်ညာနိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ယန်စီမြစ်အတွင်း သင်္ဘောချင်းတိုက် ခြောက်ဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံးနေ

နန်ကျင်း မေ ၃၀

တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ ပင်လယ်ရေကြောင်း သွားလာရေး သင်တန်းကျောင်းမှ သင်တန်းသားများသည်ယန်စီမြစ်အတွင်းရေကြောင်းလမ်းပြလုပ်ငန်းများအတွက် လေ့ကျင့်ကြစဉ် ၎င်းတို့၏ သင်္ဘောနှင့် ကုန်သင်္ဘောတစ်စင်းတို့ တိုက်မိရာ ခြောက်ဦး သေဆုံးကာ သုံးဦးပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဦးတည်

သင်တန်းသားများ စမ်းသပ်မောင်းနှင်နေသော သင်္ဘောမှာ ယူကျန်ဟု အမည်ရသောသင်္ဘောဖြစ်ပြီး အခင်းဖြစ်ပွားချိန်တွင် သင်္ဘောပေါ်၌ လူ ၂၄ ဦး လိုက်ပါလာသည်။ ထိုသင်္ဘောသည် မေ ၂၇ရက် နံနက် ၁၁နာရီ ၃၅မိနစ်တွင် ဂျန်ဇီယာဇန်ကုန်သင်္ဘောနှင့် ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။ ကုန်သင်္ဘောမှာ ဂျူယောင်မြို့ဆီသို့ ဦးတည်ခုတ်မောင်းနေသော သင်္ဘောဖြစ်သည်။

ကယ်တင်နိုင်

နန်ကျင်းဆိပ်ကမ်းပိုင် ယူကျန်သင်္ဘောမှာ တိုက်မိမှု ဖြစ်ပွားပြီးနောက် နစ်မြုပ်သွားသည်။ ခြောက်ဦးသေဆုံးပြီး ၁၅ဦးကို ကယ်တင်နိုင်ခဲ့သည်။ကုန်သွယ်ရေကြောင်းသင်္ဘောအစင်း ၂၀ နှင့် ကယ်ဆယ်ရေးသင်္ဘော ၁၀စင်းတို့က ပျောက်ဆုံးသွားသူသုံးဦးကို ရှာဖွေလျက်ရှိသည်။ ဂျန်ဇီယာဇန်သင်္ဘောပေါ်၌မူ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်တွင် လျှိုအတွင်းသို့ ကားတစ်စီးထိုးကျ ၁၄ ဦးသေ

ဖီဇာဘတ် (အာဖဂန်နစ္စတန်) မေ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ ဘာဒက်ရှန်ပြည်နယ် အရှေ့မြောက်ဘက်တွင် မေ ၂၈ ရက်နံနက်ပိုင်းက အမျိုးသမီးနှင့်ကလေးအများစုနှင့် ပြည့်ကျပ်နေသည့် ယာဉ်တစ်စီး လျှိုမြောင်အတွင်းသို့ ထိုးကျခဲ့ရာ ၁၄ ဦး သေဆုံးပြီး ၅၂ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဘာဒက်ရှန်ပြည်နယ်၏ ခရိုင်တွင် ကျဉ်းမြောင်းသော လမ်းတစ်ခု၌ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်သည် အမျိုးသမီးနှင့်ကလေး ၇၀ နီးပါးတင်ဆောင်လာသည်ဟုဆိုသည် ။

အမ်အင်အေ၊ရိုက်တာ။

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများ လှူဒါန်းနိုင်

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဖွင့်လှစ်ထားသော အောက်ဖော်ပြပါ နိုင်ငံခြားငွေစာရင်းများသို့ ငွေပေးသွင်းခြင်းဖြင့်သော်လည်းကောင်း၊ လွှဲပို့ခြင်းဖြင့်သော်လည်းကောင်း လှူဒါန်းနိုင်ပါသည်။

အဆိုပါ နိုင်ငံခြားငွေစာရင်းများမှာ Rehabilitation and Reconstruction Sub-Committee Account အမေရိကန်ဒေါ်လာ စာရင်းအမှတ်- 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committee Account ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ဖြစ်ပါသည်။

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၃၁

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၂၀၇၇၀၈၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း မျိုးစုံတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၇၄၈၁၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေး ပစ္စည်းများကို လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၂၈၉၂၆၁၀ ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၁၀၅၇၀၀၀၀ ကို လည်းကောင်း၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၃၄သိန်း တန်ဖိုးရှိ ဓာတ်မြေဩဇာအိတ် ၂၀၀ နှင့် အဝတ်အထည်မျိုးစုံ တို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၉၉၅၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့်ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၀၃၇၆၅၁၀ ဖြစ်ပြီး မေ ၃၁ ရက် အထိလှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာငွေ၁၀၆၄၉၂၇၉၃၂၄ ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၃၁

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ဆော်ဒီအာရေဗျနိုင်ငံဘုရင်မင်းမြတ်နှင့် ပြည်သူများကလှူဒါန်းသော ရွက်ဖျင်တဲများ၊ အစားအစာများ၊ စောင်များ၊ ဆေးဝါးများ၊ ကော်ဇောများ၊ မိုးကာတဲများ စုစုပေါင်း ၁၄၃ ဒသမ ၁၉၃ တန်သည် MD-11 လေယာဉ်နှစ်စင်းဖြင့် ယနေ့နံနက် ဝ၀း၀၁ နာရီနှင့် နံနက် ၁၁ နာရီ ၃၅ မိနစ်တို့တွင် လည်းကောင်း၊ ဆွီဒင်နိုင်ငံရှိ အရေးပေါ်ကယ်ဆယ်ရေး အေဂျင်စီမှလှူဒါန်းသော ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ ၁၁ ဒသမ ၉၇ တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့နံနက် ၁နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ပလတ်စတစ်စများ၊ အသက်ကယ်လှေ တစ်စင်း၊ ရေဘူးခွံများ စုစုပေါင်း ၅၅ ဒသမ ၈၁၆ တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၉ နာရီ ၃ မိနစ်၊ နံနက် ၉နာရီ ၅၈မိနစ်၊ နံနက် ၁၁နာရီ မိနစ်၂၀၊ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်နှင့် ညနေ ၄ နာရီ ၁၀မိနစ်တို့တွင် လည်းကောင်း၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ကျန်းမာရေးသုံးပစ္စည်းများ၊ ခြင်ထောင်များ၊ ရေသန့်ဆေးပြားများ၊ ရေပုံးများ၊ ရေတိုင်ကီများ၊ ရေစစ်များ စုစုပေါင်း ၂၄ဒသမ ၄၄၅တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၁နာရီ ၂၅မိနစ်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Relief Supplies Co;Ltd. မှ ပလတ်စတစ်စများ စုစုပေါင်း ၃၇ ဒသမ ၈၆ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့ကစနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့် တိုင်း လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၁၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ဇွန် ၁ ရက်မှ ၉ ရက်အထိ ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းများမှ (က)အဆင့် လက်ဝှေ့သမားများ၊ (ခ)အဆင့် လက်ဝှေ့သမားများ၊ သက်ငယ်တန်းနှင့် အမျိုးသမီး လက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၇)

အမိုးသွပ်ပြားများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၁

လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့အတွင်းရှိ လေဘေးသင့်အဆောက်အအုံများ ပြန်လည်ပြင်ဆင်ရန်အတွက် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက အမိုးသွပ်ပြားများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက ထောက်ပံ့လှူဒါန်းမှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး လေဘေးသင့် အဆောက်အအုံ အမိုးများပြင်ဆင်ရန် သွပ်ပြားအချပ် ၁၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်း၊ သဃ်န်းကျွန်းရဲစခန်းမှူး ရဲအုပ်စိုးလွင်နှင့် လေဘေးသင့်ရဲတပ်ဖွဲ့မိသားစုများက လက်ခံယူကြသည်။ **(ယာပုံ)**

(၅၀၆)

ရွာရန်ရာနှုန်း ၈၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်



ရန်ကုန် မေ ၃၁

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်လျက်ရှိပါသည်။ မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် (၃)ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် (၅)ဒီဂရီစင်တီဂရိတ်မှ (၆)ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဟသ်ာတမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ဇောင်းတူမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ၄၄ လက်မ၊ ဇန်းမော်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မုံရွာမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၂ဒသမ ၁၇လက်မစီ၊ ကန့်ဘလူမြို့တွင် ၂ဒသမ ၁၂လက်မ၊ သထုံမြို့တွင် ၂ဒသမ ဝ၉လက်မနှင့် မြိတ်မြို့တွင် ၁ဒသမ ၈၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဇွန် ၁ရက်နေ့ ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)	၃၀-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၃၁-၅-၂၀၀၈
ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၂ ရာခိုင်နှုန်း	၃၁-၅-၂၀၀၈
နေပူသည့်နာရီပေါင်း	(၃ ဒသမ ၄)နာရီခန့်	၃၀-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၁-၅-၂၀၀၈	**၉ မမ** (ဝ ဒသမ ၃၆ လက်မ)	**၇ မမ** (ဝ ဒသမ ၂၈ လက်မ)	**၁၁ မမ** (ဝ ဒသမ ၄၃ လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	**၇၃၈ မမ** (၂၉ဒသမဝ၆လက်မ)	**၈၆၂ မမ** (၃၃ ဒသမ ၉၄ လက်မ)	**၁၀၄၄ မမ** (၄၁ ဒသမ ၁၀ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၅-၂၀၀၈ နေ့ ညနေ ၆း၃၀ နာရီတွင် အနောက်ဘက်မှ တစ်နာရီ ၅ မိုင်နှုန်း တိုက်ခတ်သည်။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT) ၌ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်၍ ပဲတီစိမ်း၊ မတ်ပဲနှင့် သစ်လုံးများ တင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လေဘေးကယ်ဆယ်ရေးစခန်းများ ကြည့်ရှု ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်တို့ကိုစစ်ဆေး

နေပြည်တော် မေ ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၉ရက် ညနေ ၄နာရီတွင် တပ်မတော် အထူး လေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆင်းသက်ရပ်နားထားစဉ်။ (သတင်းစဉ်)